# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၁၃)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ ၂၂-၃-၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

### ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

# ယခုဆွေးနွေးပွဲကြီး၏ ရလဒ်များသည် မြန်မာနိုင်ငံ၏အနာဂတ်ကို လှပစွာပုံဖော်ရာတွင် အားကောင်းသည့်ကောက်ကြောင်းပုံရိပ်များ ဖြစ်လာလိမ့်မည်ဟု မိမိတို့မျှော်လင့်

နေပြည်တော် မတ် ၂၁

၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာမှ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စစ်ဘက်နှင့်နယ်ဘက်တက္ကသိုလ်များမှ နိုင်ငံတကာဆက်ဆံရေးဌာနများရှိ ဆရာ ဆရာမများနှင့် လေ့လာသုံးသပ်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ★

**နေရာ ကွက်ကျား မိုးအနည်းငယ် ရွာနိုင်**

နေပြည်တော် မတ် ၂၁

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၅ ခုနှစ်၊ မတ် ၂၂ ရက်၊ စနေနေ့။

မန္တလေး

## ရေသယံဇာတ ထိန်းသိမ်းကြရမည်

ရေသယံဇာတသည် သက်ရှိအားလုံးအတွက် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်ဖြစ်သည်။ လူသားများအတွက် စားရေရိက္ခာ၊ သောက်သုံးရေနှင့် ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် ဂေဟစနစ်ကို အထောက်အပံ့ပြုလျက်ရှိသည်။ ရေကို အလေအလွင့်မရှိ စနစ်တကျ အကျိုးရှိအောင် အသုံးပြုရမည်ဖြစ်ပြီး လူတိုင်းလက်လှမ်းမီရရှိသုံးစွဲနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

စင်စစ်အားဖြင့်မူ မြန်မာနိုင်ငံသည် ရေမရှား၊ ရေသယံဇာတ ပေါကြွယ်ဝသည့်နိုင်ငံဟု ပညာရှင်တို့က ဆိုကြသည်။ နှစ်စဉ် မိုးရွာသွန်းမှုအပေါ် ရေထုထည်ပမာဏ ကုဗပေသန်းပေါင်း ၅၈ သန်း ရရှိရာ ယင်းအနက် ၆၂ ရာခိုင်နှုန်းက ရေငွေ့ပျံ၊ မြေထဲစိမ့်ဝင်သွားကြပြီး ၃၀ ရာခိုင်နှုန်းက မြစ်များ၊ ချောင်းများထဲသို့ စီးဆင်းသွားကြသည်။ မြန်မာနိုင်ငံတွင် ရေချို ထုတ်ယူနိုင်မှုက ကမ္ဘာ့အဆင့် (၈) ရှိသည်ဟု ဆိုသည်။

ရေသယံဇာတနှင့်ပတ်သက်ပြီး အားလုံးအလေးထားဂရုပြုနိုင်ကြစေရန် နှစ်အလိုက် အထူးပြု အကြောင်းအရာဆောင်ပုဒ်များ သတ်မှတ်ပြီး ကမ္ဘာ့ရေနေ့ အခမ်းအနားများကို ကျင်းပပြုလုပ်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် မတ် ၂၂ရက်တွင် ကျရောက်သည့် ကမ္ဘာ့ရေနေ့ဆောင်ပုဒ်မှာ "ရေအရင်းအမြစ်များ တည်မြဲဖို့ ရေခဲမြစ်များ ထိန်းသိမ်းစို့" ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူသန်းပေါင်း ၇၀၀ မှ ၁၀၀၀ ကျော်အထိ ရေချိုရှားပါးမှုကို ခံစားနေကြရသည်။ ရေချိုရှားပါးရခြင်း၏ အကြောင်းရင်းများတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာပြီး ကမ္ဘာကြီးပူနွေးလာခြင်း၊ သဘာဝပတ်ဝန်းကျင်များထိခိုက်ပျက်စီးလာခြင်း၊ ရှိရင်းစွဲ ရေချိုအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းမထားနိုင်ခြင်း၊ မြို့ပြများတွင် ရေဆိုးများစွန့်ပစ်မှု စနစ်တကျ မပြုလုပ်ခြင်း၊ မိလ္လာစနစ်များ စနစ်မကျခြင်း၊ အမှိုက်များကို မဆင်မခြင်စွန့်ပစ်ခြင်း၊ ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော ရေချိုအရင်းအမြစ် ပျက်စီးမှုများဖြစ်ပေါ်ခြင်းတို့က အဓိကကျသည်။

ရေချိုသည် လူနှင့်တိရစ္ဆာန်များ၊ အပင်များ ရှင်သန်ရေးအတွက် မရှိမဖြစ်အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံ ၁၀ နိုင်ငံ စုစုပေါင်းရေချို၏ ၁၆ ရာခိုင်နှုန်း၊ အာရှ ရေချိုစုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။

ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းသည် ရေများဖုံးလွှမ်းလျက်ရှိသော်လည်း အဆိုပါ ရေပမာဏ၏ ၉၆ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ပင်လယ်၊ သမုဒ္ဒရာများ ဖြစ်သည်။ ကျန်ရှိသည့် ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရေချို ပြန်လည်ပြည့်ဖြိုးမြဲရေဖြစ်ပြီး ထိုအထဲတွင် ဝင်ရိုးစွန်းများတွင်ရှိသည့် ရေခဲတောင်၊ ရေခဲပြင်များသည် ၆၈ ရာခိုင်နှုန်းနှင့် မြေအောက်ရေ ၃၀ ရာခိုင်နှုန်းခန့် ရှိနေသည်ကို လေ့လာသိရှိရသည်။ ထို့ကြောင့် မြေပြင်ပေါ်တွင်ရှိသည့် ရေအားလုံး၏ သုည ဒသမ ၅ ရာခိုင်နှုန်းလောက်သာ ရေချိုဖြစ်သည်ကို လေ့လာသိရပါသည်။

နှစ်စဉ်ရွာသွန်းသည့် မိုးရေကို သိုလှောင်ထိန်းသိမ်းခြင်း၊ မြေအောက်ရေ စိမ့်ဝင်နိုင်ရေးအတွက် သစ်ပင်၊ သစ်တောများ ပြုစုပျိုးထောင်ခြင်း၊ မြို့ပြများတွင် ရေစိမ့်ဝင်နိုင်မည့် ဧရိယာများနှင့် ရေကန်များ ဖန်တီးတည်ဆောက်ခြင်း၊ အမှိုက်၊ ရေဆိုးနှင့်မိလ္လာစွန့်ပစ်မှုများ စနစ်တကျတည်ထောင်ခြင်း စသည့်နည်းလမ်းများဖြင့် ရေသယံဇာတ ထိန်းသိမ်းရေးဆောင်ရွက်မှုများဖြင့် ရာသီဥတုပြောင်းလဲမှုအပေါ် ရင်ဆိုင်တုံ့ပြန်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## (၁၉)ကြိမ်မြောက် ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပ



မန္တလေး မတ် ၂၁

စာေမွန်လှ ဆွေတော်မျိုးတော်များ (၁၉)ကြိမ်မြောက် ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုပွဲ အလှူတော်မင်္ဂလာကို ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ မတ် ၂၁ က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အဆိုပါ စာေမွန်လှဆွေတော်မျိုးတော်များ (၁၉) ကြိမ်မြောက် စုပေါင်းရှင်ပြုအလှူတော်မင်္ဂလာကို မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇိန္ဒ နဂါးကိုးကောင်ဆရာတော် ဦးဆောင်၍ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စာေမွန်လှသစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား စာေမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပုရိဝုဏ်တွင် အလှူဝင် မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရှေ့ဝင်းနောက်ဝင်းများ၊ မြင်းများ၊ ရွှေလှည်းယဉ်၊ ငွေလှည်းယဉ်များဖြင့် ဝင်းခင်းလှည့်လည်ခဲ့သည်။

ထို့နောက် အလှူမင်္ဂလာနေ့တွင် နံနက် ၈ နာရီမှ ၁၁နာရီအထိ ဧည့်ခံကျွေးမွေးခဲ့ပြီး နံနက် ၉ နာရီတွင် ပင့်သံဃာတော် ၁၅ ပါးနှင့်တကွ တိုင်းဒေသကြီးသံဃနာယကအဖွဲ့အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝါသဝသီရိထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှဝေခဲ့သည်။

အဆိုပါ အလှူတော်မင်္ဂလာပွဲသို့ စာေမွန်လှပညာရေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကျော်ငွေ+ ဒေါ်ကြူကြူမြင့်(လနတ်သားကျောက်မျက်ကုမ္ပဏီ)၊ အကျိုးတော်ဆောင် ဒေါ်ခင်သီတာထွန်း (တိုင်းအသင်းစုချုပ်)၊ ဒေါ်စန်းစန်း (စိန်စီအောင်စက်သုံးဆီရောင်းဝယ်ရေး)၊ ဒေါ်ကြည်ကြည်စိုး(အောင်ဇမ္ဗူပွဲရုံ)၊ ဦးသက်ရင်+ဒေါ်စမ်းစမ်း(ရွှေပြည်သာကျောက်မျက်ကုမ္ပဏီ)၊ ဦးကျော်လင်း+သုဓမ္မသီဂီ ဒေါ်ဖြူဖြူ၊ အကျိုးတော်ဆောင် ဒေါ်တင်အိ၊ ဆန်၊ ဆီ၊ ဆေးလှူဒါန်းသည့် ရွှေသံလွင်ကုမ္ပဏီမှ မိသားစုများနှင့် ရပ်မိ၊ ရပ်ဖများ၊ အလှူရှင်မိသားစုများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ဧရာဝတီမြစ်ရေ မန္တလေးဆိပ်ကမ်း၏ ရေနည်းသတိပေးမှတ်အထက် မြင့်တက်လာ

မန္တလေး မတ် ၂၁

မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် မတ် ၁၉ ရက်အထိ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက် ရှိခဲ့ရာမှ မတ် ၂၀ ရက်တွင် ၃၇၂ စင်တီမီတာနှင့် မတ် ၂၁ ရက်တွင် ၄၂၆ စင်တီမီတာ သို့ရောက်ရှိလာခဲ့သဖြင့် ရေနည်း သတိပေးမှတ်အထက်သို့ မြစ်ရေ မြင့်တက်လာပြီဖြစ်ကြောင်း မြစ် ရေတိုင်းထွာချက်များအရ သိရ သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်က မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် ၂၄၂ စင်တီမီတာအထိ ရောက်ရှိကျဆင်းခဲ့ရာ ရေနည်းမှတ်သတိပေးမှတ်အောက်တွင်သာရှိခဲ့ပြီး မတ်လ တတိယပတ်တွင် ယခုကဲ့သို့ ရေနည်းမှတ်သတိပေးမှတ်အထက် ရောက်ရှိလာသည်ဟု ဆိုသည်။

"မြောက်ပိုင်းဒေသတွေမှာ မိုးနှောင်းကာလ ရောက်တာနဲ့ ရေသိပ်မရတော့သလို အေးတဲ့ရာသီမှာ ရေခဲတွေ၊ ရေခဲမြစ်တွေကလည်း ရေသိပ်မရနိုင်လို့ ပြီးခဲ့တဲ့ ဒီဇင်ဘာကစပြီး မြစ်ထဲကို ရေသိပ်မဝင်တော့ဘူး။ ဇန်နဝါရီနဲ့ဖေဖော်ဝါရီလတွေမှာ မြစ်ရေက ရေနည်းမှတ်အောက်ရှိခဲ့ရာမှ ခုဆိုရင် မြစ်ရေအတက်ဘက်ရောက်လာတယ်။ မြစ်ရေအခြေအနေက ဇူလိုင်လကစပြီး စိုးရိမ်ရေမှတ်နီးပါးအထိ မြင့်တက်လာတယ်လို့ ယေဘုယျ ပြောနိုင်ပါတယ်"ဟု မိုး/ဇလမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ရေတိုင်းထွာချက်များအရ မတ် ၁၇ ရက်က ၂၇၅ စင်တီမီတာ၊ ၁၈ ရက်က ၂၇၀ စင်တီမီတာ၊ ၁၉ ရက်က ၂၈၆ စင်တီမီတာ၊ ၂၀ ရက်က ၃၇၂ စင်တီမီတာနှင့် ၂၁ ရက်တွင် ၄၂၆ စင်တီမီတာအသီးသီး မြင့်တက်လာခဲ့ရာ အဆိုပါ ၅ ရက်အတွင်း ပျမ်းမျှ ၃၀၀ စင်တီမီတာဝန်းကျင် မြင့်တက်လာကြောင်း သိရသည်။

"မြင့်ရာကနေ နိမ့်ရာကို စီးဆင်းလာတဲ့အတွက် မြစ်ကြီးနားဘက်က ကျသွားရင် အောက်ဘက်ကမြို့တွေမှာ မြစ်ရေတက်လာတယ်။ အထက်ပိုင်းဒေသမှာ မိုးရွာသွန်းပြီဆိုတာနဲ့ ဧရာဝတီ၊ ချင်းတွင်းမြစ် အထက်ပိုင်းကနေ အောက်ဘက်ကိုစီးဆင်းလာတော့ မြစ်ရေတက်လာတဲ့သဘောပါ။ လာမယ့်လတွေမှာတော့ မြစ်ရေတက်လာမယ့် အချိန်တွေလို့ ပြောနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မတ်လ၏ တတိယ ၁၀ ရက်ပတ်(မတ် ၂၀ ရက်မှ လကုန်အထိ)မိုး/ဇလခန့်မှန်းချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားနှင့် ဗန်းမော်တို့တွင် လက်ရှိရေအမှတ်များအောက် ၄ ပေခန့် ကျဆင်းသွားနိုင်ပြီး ယင်းရေများက အောက်ဘက်သို့ စီးဆင်းလာရာမှ ကသာ၊ သပိတ်ကျင်း၊ မန္တလေး၊ စစ်ကိုင်း၊ ပခုက္ကူနှင့် အောက်ဘက်ဆိပ်ကမ်းများတွင် လက်ရှိရေမှတ်အထက် ၂ ပေ ခန့် မြင့် တက် လာနိုင်ကြောင်း ထုတ်ပြန်ထားသည်။



(အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)

## မြန်မာ့စီးပွားရေး ဘဏ်(၂)တွင် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

မန္တလေး မတ် ၂၁

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၄လမ်းနှင့် ၈၃လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ်(၂)တွင် မတ်လအတွက် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို ယနေ့ နံနက်ပိုင်းမှ စတင်ထုတ်ပေးလျက်ရှိသည်။



(အောက်ဝဲပုံ)

ပင်စင်ထုတ် ပင်စင်စားများ အဆင်ပြေပြေ စိတ်ချမ်းမြေ့စွာ ထုတ်နိုင်ရေးအတွက် အမိုးများ၊ ထိုင်ခုံများ စီစဉ်ပေးထားသည်။ ထို့ပြင် အချိန်ကြာမြင့်စွာ မစောင့်ဆိုင်းရအောင် မိမိထုတ်ယူရမည့်နေ့ရက်အလိုက် တုံကင်များ ကြိုတင်ထုတ်ပေးထားသည်ဟု သိရသည်။

ထို့ပြင် အငြိမ်းစားဝန်ထမ်းပင်စင်လစာငွေများကို E-Pension ကတ်ဖြင့် မြန်မာ့စီးပွားရေးဘဏ်(၁၊ ၂၊ ၃)အပါအဝင် Centralized e-pension စနစ်ဆောင်ရွက်နေသည့် ဘဏ်ခွဲများတွင်လည်း သွားရောက် ထုတ်ယူနိုင်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "လှသော ချစ်သော မြန်မာ" သီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး ကြစဉ်။






★ ရှေ့ဖုံးမှ

ဦးစွာ ပြည်ပပညာရှင်များအား တစ်ဦးချင်း မိတ်ဆက်ပေးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "လှသော ချစ်သော မြန်မာ" သီချင်းဖြင့် ကပြဖျော်ဖြေပြီး အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် "၂၀၂၅ ခုနှစ်ရှုမြော်မှုအသစ်နှင့် မြန်မာနိုင်ငံ" Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ ကောင်းမွန်သည့် အနာဂတ်ကိုပုံဖော်နိုင်ရန်နှင့် ကမ္ဘာ့အသိုက်အဝန်းနှင့် ချိတ်ဆက်မှုများ ဆောင်ရွက်ရာတွင် အရေးပါသည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်ကြောင်း၊ မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် ယနေ့အချိန်အခါတွင် ဗဟုဝင်ရိုးကမ္ဘာကြီးအဖြစ် ပြောင်းလဲလျက်ရှိနေကြောင်း၊ နိုင်ငံတကာဆက်ဆံရေးများတွင် အင်အားကြီးနိုင်ငံများ၏ လွှမ်းမိုးမှုပုံစံများ ပြောင်းလဲလာနေသည်ကို တွေ့ကြရမည်ဖြစ်သကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည်လည်း ပိုပြီးအရေးပါလာနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် Globalization ကာလမှ Regionalization ပုံစံများ ဆန်းသစ်ပေါ်ထွန်းလာနေသည့် အချိန်အခါကို ပြောင်းလဲလာနေပြီဟု ပြောရမည်ဖြစ်ကြောင်း။

ဗဟုဝင်ရိုးကမ္ဘာဟု သိကြသည့် ဝင်ရိုးစုံကမ္ဘာ (Multipolar World) ဆိုသည်မှာ ယခင်က ကမ္ဘာ့စင်မြင့်တွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံတည်းက လွှမ်းမိုးကြီးစိုးခဲ့ရာမှ ယခုအချိန်တွင် အဆိုပါပုံစံ၊ အဆိုပါအခင်းအကျင်းများနှင့် မတူဘဲ နိုင်ငံများစွာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် သိသာထင်ရှားသည့် စုစည်းမှုစွမ်းအားများ ရှိလာကြပြီဖြစ်ကြောင်း၊ အဆိုပါစုစည်းအားများက ကမ္ဘာ့စင်မြင့်တွင် ပျံ့နှံ့ဖြာထွက် ဩဇာသက်ရောက်လာသည့် ကမ္ဘာ့အစီအစဉ်အသစ်တစ်ခုဟု ပြောရမည်ဖြစ်ကြောင်း၊ တရုတ်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂနှင့် ရုရှားနိုင်ငံတို့ကဲ့သို့ ဘက်ပေါင်းစုံမှ တိုးတက်အောင်မြင်လာကြခြင်းများသည် ယခင်ကအစဉ်အလာရှိသည့် အင်အားကြီးနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုကို စိန်ခေါ်လာနေပြီဟု ဆိုနိုင်ကြောင်း။

ထိုသို့ ဩဇာသက်ရောက်မှုပါဝါများသည် နိုင်ငံအတော်များများနှင့် ဒေသအဖွဲ့အစည်းများဆီသို့ ကွဲပြားဖြန့်ကြက်လာနေသည့်အတွက် ကမ္ဘာကြီးသည် ယခင်ကကဲ့သို့ ဩဇာလွှမ်းမိုးမှုတစ်ဖက်စောင်းနင်း မဖြစ်တော့ဘဲ ပါဝါဟန်ချက်ကို ထိန်းညှိလာစေကြောင်း၊ တစ်နည်းအားဖြင့် မည်သည့်နိုင်ငံတစ်နိုင်ငံတည်းကမျှ ကမ္ဘာလုံးဆိုင်ရာ ရလဒ်တစ်ခုကို ၎င်းကိုယ်ပိုင်ဖန်တီး၍ မရနိုင်တော့သည်ကို အားလုံးက သိမြင်နေကြပြီဖြစ်ကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတကာပြဿနာများကို ပိုမိုစုပေါင်းပါဝင်သည့် နိုင်ငံစုံအဖွဲ့အစည်းများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် ဖြေရှင်းလာနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ဩဇာပါဝါကိုယ်စီရှိနေကြသည့် နိုင်ငံများသည် ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန်ထက် အပြိုင်အဆိုင် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းလာနေကြသည်ကိုလည်း တွေ့နေကြရကြောင်း။

ပြောင်းလဲလာနေသည့် ဗဟုဝင်ရိုးကမ္ဘာအစီအစဉ်ကြီးထဲတွင် နိုင်ငံများသည် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးပကတိ အခြေအနေ အသစ်များနှင့် လိုက်လျောညီထွေ ရပ်တည်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခင်က စူပါပါဝါတစ်နိုင်ငံတည်းက ကြီးစိုးသည့် အနေအထားမှ အဓိကနိုင်ငံကြီးများက ယှဉ်ပြိုင်မှုများ၊ ပူးပေါင်း ဆောင်ရွက်မှုများနှင့် ကမ္ဘာ့အစီအစဉ်သစ်ကြီးထဲ ပါဝင်လာကြခြင်းသည် နက်နဲသိမ်မွေ့ပြီး မျှတမှု၊ ပေါင်းစည်းမှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို တိုးတက်စေနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အသွင်ကူးပြောင်းမှု ဖြစ်စဉ်ကြီးဖြင့် အဆင်ပြေပြေအံဝင်ခွင်ကျနှင့် အကျိုးရှိရှိ လိုက်ပါနိုင်ရန် နိုင်ငံအားလုံးသည် မဟာဗျူဟာများ ချမှတ် ကြိုတင်ပြင်ဆင်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ပထမဆုံးအနေဖြင့် မဟာဗျူဟာမြောက်လုပ်ပိုင်ခွင့် (Strategic Autonomy) ရှိရန်လိုအပ်ကြောင်း၊ နိုင်ငံများသည် အင်အားကြီး စူပါပါဝါ တစ်နိုင်ငံတည်းအပေါ် အလွန်အမင်းမှီခိုနေရမှုကို ရှောင်ရှားကြပြီး မိမိတို့၏မိတ်ဖက်များကို တိုးချဲ့ဆက်ဆံကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ကြမှသာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြောင်းလွယ်ပြင်လွယ်ဖြစ်စေပြီး မလိုအပ်သည့်ဖိအားများကိုလည်း မိတ်ဖက်များ၏ ပေါင်းစည်းအားဖြင့် ကြံ့ကြံ့ခံနိုင်လာမည်ဖြစ်ကြောင်း၊ မိမိတို့၏ မိတ်ဖက်များဟုဆိုလိုက်ပါက နိုင်ငံများအပြင် ဒေသဆိုင်ရာ အဖွဲ့အစည်းများလည်း ပါဝင်မည်ဖြစ်ကြောင်း။

မိမိတို့၏ မိတ်ဖက်များကို တိုးချဲ့ဆက်ဆံရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မည့် အစီအမံများချမှတ်နိုင်ရန်လိုကြောင်း၊ စီးပွားရေးအရ၊ လုံခြုံရေးအရနှင့် နည်းပညာအရဆိုသည့် မတူညီသော နယ်ပယ်အသီးသီးတွင် လိုက်ဖက်ညီအောင် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စီးပွားရေးအပိုင်းတွင်လည်း မိမိတို့အားလုံးသည်ပြောင်းလဲလာနေသည့် ကမ္ဘာ့အစီအစဉ်သစ် (New World Order) နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ လုပ်ကြရမည်ဖြစ်ကြောင်း။

မိမိတို့သည် ဈေးကွက်တစ်ခုတည်းအား အလွန်အမင်းမှီခိုနေမှုကို လျှော့ချကြရမည်ဖြစ်ကြောင်း၊ ကုန်သွယ်ဆက်ဆံရေးများကို ဒေသစုံနှင့် ဖြန့်ကြက်နိုင်စွမ်း မြှင့်တင်ကြရမည် ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလုံးဆိုင်ရာ ပြတ်တောက်မှု (Global Disruptions) များကြောင့် ဖြစ်လာနိုင်သည့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် ဒေသဆိုင်ရာစီးပွားရေးပေါင်းစပ်မှု (Regional Economic Integration)များကို လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက် (Supply Chains) များကို အားကောင်းလာစေရန် ပူးပေါင်းပါဝင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားလုံခြုံရေးအတွက် အဓိကကဏ္ဍများဖြစ်သည့် စားရေရိက္ခာ၊ စွမ်းအင်နှင့်နည်းပညာကဏ္ဍများကဲ့သို့ လုပ်ငန်းများကို ဦးစားပေးရင်းနှီးမြှုပ်နှံကြရမည် ဖြစ်ကြောင်း။

ထို့ပြင် နည်းပညာနှင့် ဒစ်ဂျစ်တယ်အချုပ်အခြာပိုင်ဆိုင်မှုသည်လည်း အဓိကရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမည့် ကဏ္ဍများပင်ဖြစ်ကြောင်း၊ ဝင်ရိုးစုံကမ္ဘာ၏ ယှဉ်ပြိုင်မှုကြီးထဲတွင် နည်းပညာသည် အခြေခံကျသည့် ကဏ္ဍတစ်ခုဖြစ်လာနေကြောင်း၊ အထူးသဖြင့် ဉာဏ်ရည်တု(AI)၊ ဆီမီးကွန်ဒတ်တာ (Semiconductors)များနှင့် ဆိုက်ဘာလုံခြုံရေး များသည် အဆုံးအဖြတ်ပေးလာမည့် နည်းပညာများပင် ဖြစ်ကြောင်း၊ မဟာဗျူဟာမြောက် နည်းပညာဆိုင်ရာ မိတ်ဖက်များထားရှိပြီး ဉာဏ်ရည်တု၊ ဒစ်ဂျစ်တယ်စီးပွားရေး စသည့် အရေးကြီး နည်းပညာများတွင် ပူးပေါင်း ဆောင်ရွက်ရန်လည်း လိုအပ်မည် ဖြစ်သည်ကို ပြောကြားလိုကြောင်း။

စာမျက်နှာ ၄ သို့ ★

❖ ပြောင်းလဲလာနေသည့် ဗဟုဝင်ရိုးကမ္ဘာအစီအစဉ်ကြီးထဲတွင် နိုင်ငံများသည် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး ပကတိအခြေအနေအသစ်များနှင့် လိုက်လျောညီထွေ ရပ်တည်နိုင်ရန် လိုအပ်မည်

❖ ယခင်က စူပါပါဝါတစ်နိုင်ငံတည်းက ကြီးစိုးသည့် အနေအထားမှ အဓိကနိုင်ငံကြီးများက ယှဉ်ပြိုင်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကမ္ဘာ့အစီအစဉ်သစ်ကြီးထဲ ပါဝင်လာကြခြင်းသည် နက်နဲသိမ်မွေ့ပြီး မျှတမှု၊ ပေါင်းစည်းမှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို တိုးတက်စေနိုင်မည်

❖ ထိုကဲ့သို့ အသွင်ကူးပြောင်းမှုဖြစ်စဉ်ကြီးဖြင့် အဆင်ပြေပြေအံဝင်ခွင်ကျနှင့် အကျိုးရှိရှိ လိုက်ပါနိုင်ရန် နိုင်ငံအားလုံးသည် မဟာဗျူဟာများချမှတ် ကြိုတင်ပြင်ဆင်ကြရန်လည်း လိုအပ်မည်

★ စာမျက်နှာ ၃ မှ

ဗဟုဝင်ရိုးကမ္ဘာကြီးတွင် မိမိတို့သည် ယခုထက်ပို၍ လိုက်လျောညီထွေပြောင်းလဲနိုင်ပြီး လက်တွေ့ကျသည့် သံတမန်ရေးရာဆက်ဆံမှု၊ ချဉ်းကပ်မှုများ လိုအပ်လာမည်ဟုလည်း သုံးသပ်ရကြောင်း၊ ပုံသေဆန်လွန်းသည့် အတွေးအခေါ်များအပေါ် အခြေခံခြင်းထက် သတ်သတ်မှတ်မှတ် အကြောင်းကိစ္စများအပေါ် အခြေခံပြီး မိမိတို့၏မိတ်ဖက်များ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်ထိတွေ့ဆက်ဆံမှုများကိုပါ တစ်ဆက်တည်းတိုးမြှင့်ကြရန်လည်းလိုအပ်မည်ဖြစ်ကြောင်း။

ထပ်မံ၍ အလေးအနက်စဉ်းစားရမည့် အကြောင်းကိစ္စတစ်ခုသည် စွမ်းအင်နှင့် အရင်းအမြစ်လုံခြုံရေးပင် ဖြစ်ကြောင်း၊ စွမ်းအင်၊ ရေနှင့် ရှားပါးသတ္တုများကို ရယူသုံးစွဲနိုင်မှုသည် ရေရှည်တည်ငြိမ်ရေးအတွက် အလွန်အရေးကြီးလာကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ နျူကလီးယားနှင့် အခြားစွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ထားရမည်ဖြစ်ကြောင်း၊ ပထဝီနိုင်ငံရေးကြောင့် ပြတ်တောက်မှုများ ဖြစ်ပေါ်လာမည့် အန္တရာယ်များအတွက် ကြိုတင်ဆောင်ရွက်သည့်အနေဖြင့် ရှားပါးသတ္တုများနှင့် စားရေရိက္ခာဖူလုံရေးတို့ကို လုံခြုံစိတ်ချရအောင် စီမံဆောင်ရွက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

လူမှုယဉ်ကျေးမှု အပိုင်းတွင်လည်း ဗဟုဝင်ရိုးခေတ်ကြီးတွင် ပါဝါအရွေ့များ ဖြစ်ပေါ်ပြောင်းလဲမှု မြန်ဆန်လာသည့်အတွက် ပြည်တွင်း တည်ငြိမ်ရေးသည် အဓိကနေရာ ရောက်လာကြောင်း၊ သတင်းတုသတင်းမှားများ တိုက်ဖျက်ရန် လိုပြီး မီဒီယာအတတ်ပညာတိုးတက်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံခြားသြဇာအရှိန် သက်ရောက်အောင် ကြိုးစားနေမှုများအပေါ်ကိုလည်း တန်ပြန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလျင်အမြန် ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးနှင့်အတူ ကောင်းမွန်စွာ လိုက်ပါရှင်သန်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လူသားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံကြရမည်၊ လုပ်သားအင်အားစုကြီးကို ပညာသင်ကြားပေးမှုနှင့် လေ့ကျင့်ပေးမှုများ အသေအချာ လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ယခုဆွေးနွေးပွဲတွင် တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ထိုင်း၊ နီပေါ၊ ဂျပန်၊ အီတလီ စသည့်နိုင်ငံများမှ အတွေ့အကြုံ ဗဟုသုတများစွာရှိသည့် ပညာရှင်ကြီးများက လာရောက် ဆွေးနွေးအကြံပြုကြမည်ဖြစ်သဖြင့် ၂၀၂၅ အလွန် မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် ပုံဖော် တည်ဆောက်ရာတွင် များစွာအထောက်အကူပြုနိုင်မည်က ဖော်ဆောင်နေသည့် မြန်မာ့ပုံရိပ်နှင့် ပညာရှင်ကြီးများ ယခုကိုယ်တိုင် ထိတွေ့မြင်တွေ့ရသည့် မြန်မာ့ပုံရိပ်သည် လွန်စွာကွာခြားမှုများ၊ ခြားနားမှုများရှိနေသည်ကို ခံစားကြရလိမ့်မည်ဟု မိမိတို့အနေဖြင့် မျှော်လင့်ပါကြောင်း။

မိမိတို့ မြန်မာများသည် သင်ယူလိုစိတ် ပြင်းပြကြပြီးသည့် ကမ္ဘာကြီးနှင့် လိုက်လျောညီထွေစွာ မြန်မာနိုင်ငံကို ရှေ့သို့ လှမ်းချီနိုင်ရန်အတွက် ယခုဆွေးနွေးပွဲကြီးကို အချိန်ကိုက်ကြိုးပမ်းစီစဉ်အကောင်အထည်ဖော် ပေးကြသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် "မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)" အဖွဲ့ကြီးကို ဂုဏ်ယူပါ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ခင်းကျင်းပြသထားသည့်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

ဖြစ်ကြောင်း၊ ပညာရှင်များ၏ ဆွေးနွေးမှုများသည် မြန်မာနိုင်ငံအတွက် လမ်းညွှန်မှုများ၊ လမ်းပြမှုများနှင့် မဟာဗျူဟာများကို ပေးစွမ်းနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်းကိုလည်း ပြောကြားလိုကြောင်း။

တက်ရောက်လာကြသည့် နိုင်ငံတကာက ပညာရှင်ကြီးများအနေဖြင့်လည်း ယခုဆွေးနွေးပွဲကြီးကို တက်ရောက်လာစဉ် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရကြမည်၊ သတင်းတု၊ သတင်းမှားများဖြင့် မြန်မာနိုင်ငံ၏ပုံရိပ်ကို အမျိုးမျိုးဖျက်နေကြသည့် မီဒီယာအတုများ၊ လွတ်လပ်မှုကင်းသည့် မီဒီယာများ စစ်မှန်သည့် အကြံပြုမှုများကို လေးစားစွာ နားထောင်သကဲ့သို့ စေတနာပါသည့် ဝေဖန်မှုများကိုလည်းရိုးသားစွာလက်ခံကြကြောင်း၊ ယခုဆွေးနွေးပွဲကြီးမှ စစ်မှန်သည့် အကြံပြုမှုများနှင့် စေတနာပါသည့် ထောက်ပြပြောဆိုမှုများကို မိမိတို့လေ့လာခွင့်ရပြီး နိုင်ငံ့အကျိုးကို အထောက်အကူပြုလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ယခုဆွေးနွေးပွဲကိုပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ပြီး "မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)" အဖွဲ့ကြီးက စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွက် အရေးကြီးသည့် အချိန်ကာလတွင် ပြောင်းလဲနေကြောင်းလည်း အသိအမှတ်ပြုပြောကြားလိုကြောင်း။

ယခုဆွေးနွေးပွဲကြီး၏ ရလဒ်များ သည် မြန်မာနိုင်ငံ၏အနာဂတ်ကို လှပစွာပုံဖော်ရာတွင် အားကောင်းသည့်ကောက်ကြောင်းပုံရိပ်များ ဖြစ်လာလိမ့်မည်ဟု မိမိတို့ မျှော်လင့်ပါကြောင်း၊ ဆွေးနွေးပွဲကို တက်ရောက်ဆွေးနွေးကြသည့် ပြည်တွင်းပြည်ပပညာရှင်များကိုလည်း မိမိအနေဖြင့် ကျေးဇူးအထူးတင်ပါကြောင်း၊ နိုင်ငံတကာက လာရောက်ကြသည့် ပညာရှင်ကြီးများလည်း မြန်မာနိုင်ငံ၌ နေထိုင်စဉ် မြန်မာနိုင်ငံ၏လှပသည့် သဘာဝရှုခင်းများနှင့်မြန်မာတို့၏နွေးထွေးသည့် ပျူငှာမှုများကို ခံစားနိုင်ကြပါစေကြောင်း၊ စိတ်ရွှင်လန်းကျန်းမာကြပါစေကြောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာကို ချိတ်ဆက်ပေးရင်း မြန်မာနိုင်ငံ၏ ပုံရိပ်အမှန်များကို ပြန်လည်သယ်ဆောင်ကာ ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်တည်ဆောက်နိုင်ကြပါစေကြောင်းကို ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲတွင် ဖြည့်စွက်ဆွေးနွေးမှုအဖြစ် ဆက်လက်ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံသည် တောင်နှင့်မြောက် ရှည်လျားသည့်နိုင်ငံတစ်ခု ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ရေချိုမြစ်ချောင်းများ ပေါများသည့်အပြင် အမျိုးအစားစုံလင်သည့် ရာသီဥတု၊ တောတောင်သဘာဝများ၊ သီးပင်စားပင်များ အမျိုးမျိုးသော သဘာဝသယံဇာတများ ပေါကြွယ်ဝပြီး ယင်းတို့သည် မိမိတို့နိုင်ငံ၏ အခွင့်အလမ်းနှင့် အားသာချက်များပင်ဖြစ်ကြောင်း၊ နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းအရှည်မှာ မိုင်ပေါင်း ၁၃၀၀ ကျော်ရှိပြီး ရေနက်ဆိပ်ကမ်းများနှင့် စီးပွားရေးဇုန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးနှင့် ပတ်သက်၍ ပထဝီဝင်အနေအထားအရ အချက်အချာကျသည့် နေရာတွင်တည်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ ပတ်ဝန်းကျင်တွင် အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံရှိပြီး လူဦးရေ အများဆုံးဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် တည်ရှိကြောင်း၊ တောင်အာရှနှင့် အရှေ့တောင်အာရှ ဆက်သွယ်ရေးလမ်းကြောင်းပေါ်၌ရှိပြီး ဆုံချက် (Pivot Area) ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်နှင့် အိမ်နီးချင်းနိုင်ငံများ၏လူဦးရေမှာ လေးဘီလီယံနီးပါးရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကုန်ပစ္စည်းများကို တင်ပို့နိုင်သော ခိုင်မာသည့် ဈေးကွက်ရှိပြီး ဖြစ်ကြောင်း၊

စာမျက်နှာ ၅ သို့ ★





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ပမှလာရောက်ဆွေးနွေးကြသည့်ပညာရှင်များအား အထိမ်းအမှတ်တံဆိပ်များ ပေးအပ်စဉ်။

- လူမှုယဉ်ကျေးမှုအပိုင်းတွင်လည်း ဗဟုဝင်ရိုးခေတ်ကြီးတွင် ပါဝါအရွေ့များဖြစ်ပေါ်ပြောင်းလဲမှုမြန်ဆန်လာသည့်အတွက် ပြည်တွင်းတည်ငြိမ်ရေးသည် အဓိကနေရာ ရောက်လာ
- သတင်းတုသတင်းမှားများ တိုက်ဖျက်ရန်လိုပြီး မီဒီယာအတတ်ပညာတိုးတက်အောင်ဆောင်ရွက်ရန်နှင့် နိုင်ငံခြားသြဇာအရှိန် သက်ရောက်အောင် ကြိုးစားနေမှုများအပေါ်ကိုလည်း တန်ပြန်ဆောင်ရွက်ကြရမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

★ စာမျက်နှာ ၄ မှ

မိမိတို့နိုင်ငံတွင်ရှိပြီး ဖြစ်သည့် အရင်းအမြစ်များကို ကောင်းစွာ အသုံးချနိုင်ရန်လိုပြီး မူလတန်ဖိုးဖြစ်သည့် အရေးပါမှုများကို အရာရောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**စုစည်းညီညွတ်သည့် အင်အားတည်ဆောက်**

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ မြန်မာနိုင်ငံသည် သင့်တော်သော ရာသီဥတု၊ များပြားလှသည့် စိုက်ပျိုးမြေ၊ သဘာဝသယံဇာတ ပေါများမှုများကြောင့် ရှေးသမိုင်းအစဉ်အဆက်ကတည်းက အင်အားအသင့်အတင့်ရှိသည့် လူမျိုးစုများ၊ အင်အားနည်းသည့် လူမျိုးစုများ၏ ပြောင်းရွှေ့နေထိုင်ရာ၊ အခြေချနေထိုင်ရာ နယ်မြေဖြစ်ခဲ့သဖြင့် တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံစုစည်းနေထိုင်ရာ အမိမြေ၊ အမိနိုင်ငံတော်ဖြစ်ခဲ့ကြောင်း၊ ကိုလိုနီခေတ်၏ သွေးခွဲအုပ်ချုပ်မှုစနစ်အရ စုစည်းနေထိုင်ခဲ့သည့် တိုင်းရင်းသားများ၏ ညီညွတ်မှုသည် ပြိုကွဲခဲ့ရကြောင်း၊ ထိုသို့သွေးကွဲခဲ့ရသည့် အဖြစ်များ၏ နောက်တွင် လက်နက်ကိုင်ပဋိပက္ခများကို နယ်ချဲ့ကိုလိုနီများနှင့် အပေါင်းပါများကပင် ဆက်လက် အားပေးထောက်ပံ့ခဲ့ကြောင်း၊ ထို့အပြင် အယူဝါဒရေးရာကွဲပြားမှု၊ လူမျိုးရေးကွဲပြားမှု၊ နိုင်ငံရေးစနစ်ကွဲပြားမှုများအပေါ် ပုံကြီးချဲ့သွေးထိုးလှုံ့ဆော်ပြီး ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ ကြီးမားလာအောင် ဆောင်ရွက်ခဲ့ကြကြောင်း၊ အစိုးရအဆက်ဆက် ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုးစားတည်ဆောက်ခဲ့သော်လည်း ပြည်တွင်းရေးအခြေအနေများထက် ပြည်ပက အားပေးလှုံ့ဆော် ပါဝင်စွက်ဖက်မှုများကြောင့် လက်နက်ကိုင်ပဋိပက္ခသည် မငြိမ်းနိုင်သည့်မီးတောက်များကဲ့သို့ ယခုထိ ရှိနေဆဲပင်ဖြစ်ကြောင်း၊ ထိုသို့အဖြစ်အပျက်များကြောင့် မိမိတို့နိုင်ငံသည် အခွင့်အလမ်းများရှိလျက်နှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ ယင်းစိန်ခေါ်မှုများကို အခွင့်အလမ်းများ၊ အရာရောက်မှုများအဖြစ် ပြောင်းလဲပစ်နိုင်ပြီး ယင်းသည် မိမိနိုင်ငံ၊ မိမိပြည်သူကိုချစ်သည့်စိတ်၊ မြန်မာစိတ် မွေးမြူပြီး စုစည်းညီညွတ်သည့် အင်အားတည်ဆောက်နိုင်ရေးပင် ဖြစ်ကြောင်း၊ မိမိတို့ စုစည်းညီညွတ်မှုမရှိသမျှ မည်သည့်စီးပွားရေးစနစ်မျှ အောင်မြင်မည်မဟုတ်ကြောင်း၊ မည်သည့်နိုင်ငံရေးစနစ်မျှ ခိုင်ခိုင်မာမာ ဦးဆောင်နိုင်မည်မဟုတ်ကြောင်း၊ မည်သည့်လူမှုရေးစနစ်မျှ သာယာဝပြော စိတ်ချမ်းသာမှုကို ဆောင်ကြဉ်းပေးနိုင်မည် မဟုတ်ကြောင်း။

မိမိတို့နိုင်ငံသည်စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကိုဆောင်ရွက်လျက်ရှိသော နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော ဝါနှင့် ရော်ဘာတို့မှ ထုတ်လုပ်သည့် ကုန်ချောပစ္စည်းများကို တင်ပို့ရောင်းချနိုင်သကဲ့သို့ ဆန်၊ ပဲနှင့် အခြားသီးနှံများကိုလည်း ယခုထက် တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်ကြောင်း၊ ထိုသို့တင်ပို့နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် အမှန်တကယ် အလုပ်လုပ်ရန်လိုအပ်ခြင်းဖြစ်ကြောင်း၊

စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံလိုအပ်ချက်များမှာ လူ့စွမ်းအားအရင်းအမြစ် (HR)နှင့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ကြောင်း၊ နိုင်ငံတွင် လူဦးရေ ၅၁ သန်းခန့်ရှိပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပညာရေးကဏ္ဍ၌ လိုအပ်ချက်များ ရှိနေသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများအတွက် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်သဖြင့်အခြေခံပညာရေးစနစ်ကို မြှင့်တင်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည့်အပြင် အဆင့်မြင့်ပညာရေးစနစ်များကိုလည်း နိုင်ငံတော်မှ အဆင့်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို နိုင်ငံအနှံ့ဖွင့်လှစ်ပေးထားပြီး Polytechnic University များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည် ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် အာမခံချက်များ ပေးနိုင်ရန်လိုကြောင်း၊ သို့မှသာ နိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏ စီးပွားရေးကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြည်သူများလိုလားပြီး နိုင်ငံ၏အခြေအနေနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ ဆန္ဒများကိုလည်း ဥပဒေနှင့်အညီ လုပ်သင့် လုပ်ထိုက်သည်များကို ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြားတွင်ရှိနေကြောင်း၊ ထို့ကြောင့် နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍လည်း လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အခွင့်အလမ်းများရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို နည်းလမ်းပေါင်းစုံဖြင့် ကျော်လွှားပြီး နိုင်ငံတိုးတက်ရေးကိုဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့မှစပြီး **"မြန်မာ့အနာဂတ်ဘဝလှပဖို့- မြန်မာ့တန်ဖိုးမြှင့်ကြစို့"** ဟု လေးနက်စွာ တိုက်တွန်းပြောကြားလိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ပမှ လာရောက်ဆွေးနွေးကြသည့် ပညာရှင်များအား အထိမ်းအမှတ်တံဆိပ်များ ပေးအပ်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ပမှ လာရောက်ဆွေးနွေးကြသည့် ပညာရှင်များအား အထိမ်းအမှတ်တံဆိပ်များ ပေးအပ်စဉ်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ရွှင်လန်းချမ်းမြေ့ပါစေ" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံ ရိုက်ကြပြီး ခင်းကျင်းပြသထားသည့်မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုခဲ့ကြသည်။

အဆိုပါသုံးသပ်ဆွေးနွေးပွဲတွင် **"ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့်အာရှ၏ အခန်းကဏ္ဍ"၊ "၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီစီးပွားရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ"၊ "၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီနိုင်ငံရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ"** စသည့် ခေါင်းစဉ်သုံးခုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များက ပါဝင်ဆွေးနွေးသွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏ အခြေအနေမှန်ကို ကမ္ဘာကသိရှိစေပြီး မြန်မာနိုင်ငံအပေါ်နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံ့ပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့် ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) တွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား သိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများ ရရှိစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

»»» စာမျက်နှာ ၂၄ မှ

IIT ထူထောင်ရေး စက်မှုလေ့ကျင့်ရေးစင်တာ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးများ ပံ့ပိုးမှုများကို မြန်မာနိုင်ငံအား ပံ့ပိုးကူညီပေးလျက်ရှိပါကြောင်း၊ မြန်မာ့ဒီမိုကရေစီအရေးအတွက် ကြိုးပမ်းအားထုတ်မှုများသည် အနောက်နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ကြား အပြုသဘောဆောင်သော ပံ့တင်ထပ်မှုများကို ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက် ရေခံမြေခံကောင်းမွန်သောနိုင်ငံလည်းဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ သို့မဟုတ် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲတစ်ရပ်ကျင်းပရန် ကြိုးပမ်းဆောင်ရွက်မှုကို အိန္ဒိယနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း၊ တိုးတက်ပြောင်းလဲနေသော ဘက်စုံကမ္ဘာစနစ်၏ ပင်မရေစီးကြောင်းတွင် ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံသည် ၎င်း၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းကောင်းများစွာဖြင့် ယခု ဘက်စုံကမ္ဘာစနစ်သစ်တွင် ပေးအပ်နေသော အခွင့်အလမ်းများကို ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံခြားရေးဒုတိယဝန်ကြီးဟောင်း Mr.Sihasak Phuangketkeow က ယခုလက်ရှိ ပဋိပက္ခနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းသည် အမှန်စင်စစ် ခိုင်မာသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆိုသည်မှာ ပြုစုပျိုးထောင်ရသည့်မျိုးဖြစ်ပါကြောင်း၊ ပထဝီဝင်နိုင်ငံရေးပြင်းခုံပြိုင်ဆိုင်မှုများ ပြင်းထန်လာသည်နှင့်အမျှ ပထဝီစီးပွားရေးနှင့် ပထဝီနည်းပညာပြိုင်ပွဲများ၏ ပြိုင်ဆိုင်မှုများသည်လည်း ဆက်လက်ပြင်းထန် လာနေပါကြောင်း၊ ဂလိုဘယ်လိုက်ဇေးရှင်းတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို ကျောထောက်နောက်ခံပြုထားသည့် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းများနှင့် အဖွဲ့အစည်းပေါင်းစုံ၏ ပြင်းထန်သော တုံ့ပြန်မှုကို ရင်ဆိုင်နေရပါကြောင်း၊ တစ်ချိန်တည်းတွင် တစ်ဖက်သတ်ဝါဒ၊ အစွန်းရောက် အမျိုးသားရေးဝါဒ၊ လူကြိုက်များရေးဝါဒ ထွန်းကားလာမှုကို မိမိတို့အားလုံး တွေ့မြင်နေကြရပါကြောင်း။

အမေရိကန် အစိုးရသစ်၏ တာဝန်ယူမှုကလည်း အုပ်ချုပ်မှုအခြေခံသည့် နိုင်ငံတကာ လိုလားချက်ဖြစ်သည့် အဓိကဇာတ်ကောက်ကို ယိမ်းယိုင်သွားသည်မှာ မိမိတို့ မျက်မြင်ကိုယ်တွေ့ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု၊ ကပ်ရောဂါနှင့် ရွှေ့ပြောင်းနေထိုင်မှုစသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရန် နိုင်ငံပေါင်းစုံနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်နေပါကြောင်း။

အထူးသဖြင့် ဒစ်ဂျစ်တယ်နှင့် AI နည်းပညာ တိုးတက်မှုများက အသိပညာနှင့်စီးပွားရေးတိုးတက်မှု၏ နယ်ပယ်အသစ်များကို မမြင်ဖူးမကြုံဖူးသည့် အရှိန်အဟုန်နှင့် အတိုင်းအတာတစ်ခုအထိတိုးတက်လာနေပါကြောင်း၊ တစ်ဖက်တွင်လည်းနည်းပညာများကို ထင်မှတ်မထားသည့် ထိခိုက်မှုနှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်စေရန် အသုံးပြုလာကြပါကြောင်း၊ ဒုတိယကမ္ဘာစစ်အပြီး ပေါ်ပေါက်လာသည့် လစ်ဘရယ်ကမ္ဘာက ကမ္ဘာကြီး၏ အင်အားကြီးမှုကို လျော့ကျစေပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဝင်ရိုးသစ်နှင့် ဒေသတွင်း အင်အားများက တည်ရှိနေသည့် နိုင်ငံများ၏ အင်အားလွှမ်းမိုးမှုကို စိန်ခေါ်ခြိမ်းခြောက်မှု ဖြစ်စေပါကြောင်း၊ ထို့ကြောင့် ဝင်ရိုးသစ်ကမ္ဘာနှင့် ကမ္ဘာလုံးဆိုင်ရာ စည်းမျဉ်းများချမှတ်ခြင်းနှင့် နိုင်ငံပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြောဆိုလာရသည်များ တည်ရှိလာပါကြောင်း။

အလုံးစုံသော လုံခြုံရေးကို ကိုယ်တိုင်တည်ဆောက်နိုင်သည့် နိုင်ငံဟူ၍ မရှိသေးပါကြောင်း၊ တစ်ဖက်သတ်ဝါဒ (Unilateralism) က မိမိတို့၏ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ရင်ဆိုင်နေရသည့်ဖိအားများနှင့် ဘက်ပေါင်းစုံက ခြိမ်းခြောက်မှုများကို သေချာပေါက် ဖြေရှင်းနိုင်မည် မဟုတ်ပါကြောင်း၊ မိမိတို့အနေဖြင့် အားကောင်းသည့် မိတ်ဖက်များနှင့် ဆက်ဆံရေးထူထောင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းတစ်ခုဖြစ်ရန် စုပေါင်းတည်ဆောက်ကြရန် လိုပါကြောင်း၊ မိမိတို့အနေဖြင့် ခေါင်းဆောင်မှုနှင့် တူညီသည့် မျှော်မှန်းချက်များနှင့် မျှော်မှန်းချက်များကို မျှဝေပေးရန် လိုပါကြောင်း၊ ကမ္ဘာ့အသိုက်အဝန်းတစ်ရပ်ဖြစ်အောင် စဉ်းစားဆင်ခြင်ဖော်ဆောင်ခြင်းဖြင့် မိမိတို့၏ ဘုံစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် အားလုံးအတွက် ပိုမိုသာယာဝပြောရေး အခွင့်အလမ်းများကို ဆုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

> ❖ မြန်မာနိုင်ငံသည် ဒေသတွင်း အင်အားကြီးနိုင်ငံ တစ်နိုင်ငံအနေဖြင့် ကိုယ်ပိုင်အမှတ်သရုပ်၊ ယဉ်ကျေးမှုဆိုင်ရာ အမှတ်သရုပ်တို့နှင့်ပတ်သက်၍ စဉ်းစားသင့်ပါကြောင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံကြား ဟန်ချက်ညီမှုလည်းဖြစ်ပါကြောင်း၊ ကိုယ်ပိုင်ဒိုင်မန်းရှင်းတစ်ခု ဖန်တီးထိန်းသိမ်းခြင်းလည်း ဖြစ်ပါကြောင်း၊ ထိုအရာသည် အခွင့်အလမ်းတံခါးပေါက်ဖြစ်သကဲ့သို့ အချုပ်အခြာအာဏာကို ပိုမိုခိုင်မာစေမှုလည်းဖြစ်
>
> **ရုရှားနိုင်ငံမှ ပါမောက္ခ Mr.Alexander Dugin**

ယင်းနောက် ရုရှားနိုင်ငံမှ ပါမောက္ခ Mr.Alexander Dugin က အွန်လိုင်းမှ ပြောကြားရာတွင် အနောက်ဝင်ရိုး နှစ်ပိုင်းကွဲသွားနိုင်သည်ကို မြင်တွေ့နေရပါကြောင်း၊ ဂရင်းလန်း၊ ကနေဒါ အပါအဝင် အမေရိကန်နိုင်ငံတို့သည် လွတ်လပ်သည့် ဝင်ရိုးတစ်ခုဖြစ်သည့် အမေရိကန်ဝင်ရိုးနှင့် အီးယူတို့ကို ကိုယ်စားပြုနိုင်သည်ဟု အမေရိကန်များက ပြောနေကြပါကြောင်း၊ သမ္မတ ဒေါ်နယ်ထရမ့်သည် အီးယူလိုဝင်ရိုးတစ်ခုလည်း ဖန်တီးနိုင်ပါကြောင်း၊ Civilizational State တစ်ခုမှာ North American Civilization နှင့်မတူသည့် အီးယူ Civilization ဖြစ်ပါကြောင်း။

ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အင်အားကြီးနိုင်ငံများ ဦးဆောင်သည့် ဗဟုဝင်ရိုး ကမ္ဘာမြင်ကွင်းနှင့် အမေရိကန်များ ရှုမြင်သည့် ကမ္ဘာအထိုင် အနည်းငယ်ကွဲပြားနိုင်ပါကြောင်း၊ အရေးကြီးသည်မှာ အမေရိကသည် အမေရိကကို အောင်ပွဲခံခဲ့ပြီး ဖျက်ဆီးသွားမလားဆိုတာပင် ဖြစ်ပါကြောင်း၊ ထိုအရာသည်အနောက်၏လွှမ်းမိုးမှုအတွက် အခြားရွေးချယ်စရာဖြစ်ပါကြောင်း၊ ဗဟုဝင်ရိုးကမ္ဘာဖြစ်ပေါ်လာမှုကို အချက်အလက်အနေဖြင့် လက်ခံကြပါကြောင်း၊ မိမိတို့သည် ဗဟုဝင်ရိုးကမ္ဘာထဲတွင် ရှင်သန်နေထိုင်ကြပါကြောင်း၊ ဧကဝင်ရိုးကမ္ဘာ ပြီးဆုံးသွားပြီဆိုသည်ကို အသေအချာပြောနိုင်ပါကြောင်း၊ ကမ္ဘာကြီး၏ အဓိကဦးတည်ရာအဖြစ် ဂလိုဘယ်လစ်အာဂျင်ဒါလည်း ထပ်ပြီးမရှိတော့ပါကြောင်း၊ ဗဟုဝင်ရိုးကမ္ဘာ ဖြစ်လာသည်ကို မိမိတို့ ကြိုဆိုပါကြောင်း။

မိမိအနေဖြင့် အလေးပေးပြောကြားလိုသည့် အချက်မှာ ဗုဒ္ဓဘာသာယဉ်ကျေးမှု ထွန်းကားသည့် မြန်မာနိုင်ငံအကြောင်းပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်း အင်အားကြီးနိုင်ငံတစ်နိုင်ငံအနေဖြင့် ကိုယ်ပိုင်အမှတ်သရုပ်၊ ယဉ်ကျေးမှုဆိုင်ရာ အမှတ်သရုပ်တို့နှင့် ပတ်သက်၍ စဉ်းစားသင့်ပါကြောင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံကြား ဟန်ချက်ညီမှုလည်း ဖြစ်ပါကြောင်း၊ ကိုယ်ပိုင်ဒိုင်မန်းရှင်းတစ်ခု ဖန်တီးထိန်းသိမ်းခြင်းလည်း ဖြစ်ပါကြောင်း၊ ထိုအရာသည် အခွင့်အလမ်း တံခါးပေါက်ဖြစ်သကဲ့သို့ အချုပ်အခြာအာဏာကို ပိုမိုခိုင်မာစေမှုလည်း ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက ယခုဖိုရမ်သည် ဆွေးနွေးပြောဆိုမှုများအတွက် ပလက်ဖောင်းတစ်ခုအဖြစ်သာမက သိသာမြင်သာသော တိုးတက်မှုဆီသို့ ဦးတည်သည့် ခြေလှမ်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အားလုံးပါဝင်မှု၊ ရေရှည်တည်တံ့မှုနှင့် ကြံ့ကြံ့ခံနိုင်မှုများကို ဦးစားပေးသည့် မျှော်မှန်းချက်တစ်ရပ်ကို ဖန်တီးမှုအပေါ်တွင် အာရုံစိုက်ကြရမည်ဖြစ်ပါကြောင်း၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မိတ်ဖက်များအကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြင့် မိမိတို့အနေဖြင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုအတွက် အခြေခံများကို တည်ဆောက်ပေးနိုင်ပါကြောင်း၊ ယခုဆွေးနွေးမှုများတွင် ပညာရှင်များ၏ တက်ကြွစွာပါဝင်မှုနှင့် ကတိကဝတ်များက မြန်မာနိုင်ငံသား အားလုံးအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေမည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ပုံဖော်ရာတွင် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်မည်ဖြစ်ပါကြောင်း။

ယခုဖိုရမ်၏ အောင်မြင်မှုသည် အဓိပ္ပာယ်ရှိပြီး အဖြေကို ဇဟိုပြုသည့်ဆွေးနွေးမှုများကိုလုပ်ဆောင်ကြသော မိမိတို့၏ စုပေါင်းအားထုတ်မှုများအပေါ် မူတည်မည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် ဆန်းသစ်မှုများနှင့် တိုးတက်မှုများကို ထွေးပွေ့ရင်း မြန်မာနိုင်ငံ၏ ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးထားနိုင်မည့် အနာဂတ်လမ်းကြောင်းတစ်ခုကို ချမှတ်နိုင်ရန်အတွက် ယခုအခွင့်အရေးများကို မိမိတို့ ရယူကြရမည်ဖြစ်ပါကြောင်း၊ အတူတကွ လုပ်ဆောင်ခြင်းအားဖြင့် မိမိတို့သည် ချမ်းသာကြွယ်ဝမှုသာမကဘဲ ခြုံငုံပါဝင်ပြီး ကြံ့ကြံ့ခံနိုင်သည့် အနာဂတ်တစ်ခုအတွက် အခြေခံများကိုပါ ချမှတ်နိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ရည်မှန်းချက်ကြီးများအတွက် ပညာရှင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုများကို ကျေးဇူးအထူးတင်ပါကြောင်း၊ မြန်မာနိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး လက်တွဲလုပ်ဆောင်ကြပါဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် သုံးသပ်ဆွေးနွေးပွဲ အစီအစဉ်များ စတင်ကျင်းပရာ **"ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့် အာရှ၏ အခန်းကဏ္ဍ"၊ "၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီ စီးပွားရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ"၊ "၂၀၂၅ အလွန် ဗဟုဝင်ရိုး ကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီနိုင်ငံရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ"** စသည့် ခေါင်းစဉ်သုံးခုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များ ပါဝင်ဆွေးနွေးကြသည်။

**"ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင်မြန်မာနှင့်အာရှ၏အခန်းကဏ္ဍ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဒါရိုက်တာ ဒေါက်တာ နိုင်ဆွေဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး University of Fudan၊ China Academy မှ Professor Mr. Zhang Wei၊ နီပေါဝန်ကြီးချုပ်ဟောင်း Mr. Madhav Kumar Nepal၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေး ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်နှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (MISIS)မှ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဇော်တို့က ဆွေးနွေးကြသည်။

စာမျက်နှာ ၇ သို့ »»»




"၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် ပထဝီစီးပွားရေးစိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပစဉ်။







ခေါင်းစဉ်အလိုက် ဆွေးနွေးသုံးသပ်ခြင်းများနှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက မေးမြန်းဆွေးနွေးကြစဉ်။

# နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် မတ် ၂၁

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူနှင့်စစ်ကြောင်းမှူးများ၊ စေတနာရှင် အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နှစ်(၈၀)ပြည့် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေစုစုပေါင်းငွေကျပ် (၂,၈၁၉,၅၃၀,၀၀၀) (ကျပ်သိန်းနှစ်သောင်းရှစ်ထောင်တစ်ရာကိုးဆယ့်ငါးသိန်းသုံးသောင်းတိတိ)ကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်နေ့ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်း၊ တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်မှူးချုပ်စန်းယုနိုင်၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် ရဲကျော်သူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များ ကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး တပ်မတော်နေ့ ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုအလှူငွေ ပေးအပ်လှူဒါန်းပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ စစ်သည်များ၏ စားရိပ်သာနှင့် စားချက်ဆောင်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ ဆက်ဆံရေးစခန်းကို လည်းကောင်း လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလှူရှင် ဒေါ်တင်ရီက အလှူငွေများ ပေးအပ်လှူဒါန်းရာ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် ရဲကျော်သူက လက်ခံရယူစဉ်။

---

»»» စာမျက်နှာ ၆ မှ

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့အတွက် ဆက်သွယ်ရေးဗဟိုချက်အဖြစ် တည်ရှိနေမှု၊ စည်းလုံးညီညွတ်မှုအင်အားဖြင့် ကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ရေး၊ ပဋိပက္ခဖြစ်ပွားမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် **“၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် ပထဝီစီးပွားရေးစိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒါရိုက်တာ ဒေါက်တာ ခင်မောင်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကမ္ဘာ့ရေးရာ အိန္ဒိယကောင်စီမှ သုတေသနလက်ထောက် Dr. Mehdi Hussain၊ Distance Private University School မှ Professor Mr. Lorenzo Pacini၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒါရိုက်တာဒေါက်တာဇော်ဦးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့က ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ၂၀၂၅ ခုနှစ်အလွန် မြန်မာနိုင်ငံကြုံတွေ့ရမည့် စီးပွားရေးစိန်ခေါ်မှုများနှင့် ပြောင်းလဲဖော်ဆောင်နိုင်မည့်အခွင့်အလမ်းများ၊ မြန်မာနိုင်ငံ၏ ၂၀၂၄ ခုနှစ် GDP တန်ဖိုးနှင့် စီးပွားရေး၊ ငွေကြေးဖောင်းပွမှု လျှော့ချနိုင်ခဲ့မှု၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးတိုးတက်မှုနှုန်း ပိုမိုရရှိရန် ဖော်ဆောင်ရမည့်အကြောင်းအရာများ၊ လက်ရှိ ရင်ဆိုင်နေရသည့် ပထဝီစီးပွားရေးစိန်ခေါ်မှုများ၊ နယ်စပ်ဒေသကုန်သွယ်မှု၊ ရေနက်ဆိပ်ကမ်းများ ဖော်ဆောင်နေမှု၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှု၊ မြန်မာ-အိန္ဒိယ အရှေ့မြောက်ဒေသရှိ စီးပွားရေးဆက်နွယ်မှုတို့နှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးကြသည်။

ယင်းနောက် **“၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် ပထဝီနိုင်ငံရေးစိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒါရိုက်တာ ဦးကျော်လင်းဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အိန္ဒိယနိုင်ငံ မဟာဗျူဟာရေးရာ လေ့လာသုံးသပ်သူ Mr. Atul Aneja၊ ဂျပန်နိုင်ငံ Chiba University မှ Ms. Suzuka YOSHIDA၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့၏အကြံပေး ပုဂ္ဂိုလ် ဦးညိုအုန်းမြင့်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်တို့က ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ၊ လက်ရှိတည်ရှိနေသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံမှု၊ သံတမန်အခြေအနေ၊ လူမျိုးစုပေါင်းစုံ တည်ရှိနေမှုနှင့် ပေါင်းစုအား လိုအပ်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့ခေါင်းစဉ်အလိုက်ဆွေးနွေးသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ တက်ရောက်လာကြသည့် နိုင်ငံတကာမှ လေ့လာသုံးသပ်သူများ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းမှ နိုင်ငံရေးသုတေသီများ၊ မြန်မာနိုင်ငံအရေး စိတ်ဝင်စားကြသူများ၊ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ နိုင်ငံတကာ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များက ပြန်လည်ရှင်းလင်း ဖြေကြားပေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲ သဘာပတိများက ဆွေးနွေးပွဲတစ်ခုလုံး၏သုံးသပ်ဆွေးနွေးချက်များကို အနှစ်ချုပ်စုစည်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

သုံးသပ်ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့က စီစဉ်ကျင်းပခြင်းဖြစ်ပြီး နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏အခြေအနေမှန်ကို ကမ္ဘာကသိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံ့ပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့် ကမ္ဘာ့အခြေအနေအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာတွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို သိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

| နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ် အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| စင်ကာပူ | ၀ - | ၁ | နီပေါ |
| ထိုင်း | ၂ - | ၀ | အာဖဂန်နစ္စတန် |

## အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

မန္တလေး မတ် ၂၁

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးခြင်းကို ယနေ့တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မြေပြင်ကွင်းဆင်းကောက်ယူရာ၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်လက်မှတ်မရှိသူများအား ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးရရှိ ကိုင်ဆောင်နိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်မြေပြင်ကွင်းဆင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး အတွင်းရေးမှူး မြို့နယ်ဦးစီးမှူးဦးရဲမင်းထွန်း မြို့နယ်စီမံအဖွဲ့ဝင်(၃) ဦးတင်ထွန်းတို့က ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

(ဝ၅၆)

---

ပန်းမန်သစ်ပင် လေသန့်စင်၍
ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# ဧပြီ ၂၈ ရက်တွင် အမျိုးသားရွေးကောက်ပွဲကျင်းပဖွယ်ရှိ၊ ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေး အတည်ပြုပြောကြား



**အော့တဝါ မတ် ၂၁**

လာမည့်ဧပြီ ၂၈ ရက်တွင် အမျိုးသားရွေးကောက်ပွဲကျင်းပရန် ဖြစ်နိုင်ခြေရှိသည်ဟု ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက အတည်ပြုပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်နှင့် ကုန်သွယ်ရေးအငြင်းပွားမှုကြောင့် ကနေဒါစီးပွားရေးလုပ်ငန်းများ ဒုက္ခရောက်နေချိန်တွင်၊ နှစ်ကြိမ်တိုင်တိုင် ဗဟိုဘဏ်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ကာနေးအနေဖြင့် ဒေါ်နယ်လ်ထရမ့်ကို ရင်ဆိုင်နိုင်မည့် အကောင်းဆုံးစနစ်တစ်ရပ်ကို တင်ပြရန် မျှော်လင့်ထားသည်။

၉ နှစ်ကြာသည့်အထိ ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ ဂျပ်စတင်ထရူဒိုး နုတ်ထွက်ပြီးနောက် နိုင်ငံရေးလက်သစ်တစ်ဦးဖြစ်သူ အသက် ၆၀ အရွယ် ကာနေးက လစ်ဘရယ်ပါတီ၏ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။

ဝန်ကြီးချုပ်၏ ရွေးကောက်ပွဲကျင်းပရန် ကြေညာချက်နှင့် ပါလီမန်ဖျက်သိမ်းရန် တောင်းဆိုချက်အလွှန်တွင် ကာနေးနှင့် ၎င်း၏ နိုင်ငံရေးပြိုင်ဘက်များအတွက် ငါးပတ်ကြာရွေးကောက်ပွဲကမ်ပိန်းကို စတင်စေလိမ့်မည်။

ထိုရွေးကောက်ပွဲတွင် ကာနေးနှင့် ရှေးရိုးစွဲ ပါတီခေါင်းဆောင် ပီယဲပွိုင်လီဗရေတို့ နှစ်ဦး အဓိကယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ




# အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ နှစ် ၁၃၀ သမိုင်းတွင် ပထမဆုံးအမျိုးသမီးနှင့် ပထမဆုံးအာဖရိကန်ဥက္ကဋ္ဌ ပေါ်ထွက်လာ

**ဟာရာရေ မတ် ၂၁**

ကီရ်စတီကိုဗင်ထရီသည် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ နှစ် ၁၃၀ သမိုင်းတွင် ပထမဆုံးအမျိုးသမီးနှင့် ပထမဆုံးအာဖရိကန်ဥက္ကဋ္ဌဖြစ်လာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇင်ဘာဘွေရေကူးအားကစားမယ်ဟောင်း ကိုဗင်ထရီသည် အိုလံပစ်လောကတွင် အထင်ကရ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ကမ္ဘာ့အား ကစားလောက၏ အမြင့်ဆုံးရာထူးကို ရယူကာ အိုလံပစ်အား ကစားပြိုင်ပွဲများအတွက် ခေတ်သစ်တစ်ခုကို ဖော်ဆောင်ခဲ့သည်။

"ဒါဟာ တကယ့်ကို အားကောင်းတဲ့ အချက်ပြမှုတစ်ခုပါ။ ကျွန်မတို့ဟာ တကယ့်ကို ကမ္ဘာ့လုံးဆိုင်ရာဖြစ်လာပြီး ကဏ္ဍစုံကွဲပြားမှုကို တကယ်ပဲ လက်ခံတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲလာပြီး ဆက်လက်တိုးတက်သွားမယ့်အဖွဲ့အစည်းဖြစ်တယ်ဆိုတာ ပြသလိုက်တာပါ"ဟု ၎င်းက ဥက္ကဋ္ဌရွေးကောက်ပွဲ၌ အနိုင်ရပြီးနောက် ပြောကြားခဲ့ကြောင်းသိရသည်။

**Mon**

# ကြီးမားသော လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဟီးသရိုးလေဆိပ် ပိတ်ထားရ

**လန်ဒန် မတ် ၂၁**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဟီးသရိုးလေဆိပ်တွင် ကြီးမားသော ဓာတ်အားပြတ်တောက်မှုကြောင့် မတ် ၂၁ ရက် တစ်နေ့လုံး ပိတ်ထားခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုလေဆိပ်အတွက် လျှပ်စစ်ဓာတ်အားထောက်ပံ့ပေးနေသော အနီးရှိ ဓာတ်အားခွဲရုံတွင် မီးလောင်ခဲ့ရာမှ ယင်းကဲ့သို့ ဓာတ်အားပြတ်တောက်ခဲ့ရခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးတွင် အလုပ်အများဆုံးဖြစ်သည့် ထိုဟီးသရိုးလေဆိပ်၌ လာမည့်ရက်များတွင် ကြီးမားသော နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားနိုင်သည်ဟု သက်ဆိုင်ရာက သတိပေးထားသည်။

မိမိတို့၏ ခရီးသည်များနှင့် လုပ်ဖော်ကိုင်ဖက်များ၏ ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းရန် မတ်လ ၂၁ရက်တွင် ထိုလေဆိပ်ကို ပိတ်ထားရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရှင်းပြသည်။

ခရီးသည်များအတွက် စိတ်ပျက်စရာဖြစ်လိမ့်မည်ဟု မိမိတို့ သိရှိပြီး အခြေအနေကို ဖြေရှင်းရန် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်လျက်ရှိသည်ဟု ၎င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။ **Mon**





# အင်ဒိုနီးရှားနိုင်ငံရှိ လီဝိုတိုဘီ လာကီလာကီ မီးတောင်ပေါက်ကွဲ ပြာများလေထုထဲသို့ ၈ ကီလိုမီတာကျော်အထိ မြင့်တက်သွား

**ဂျကာတာ မတ် ၂၁**

အင်ဒိုနီးရှားနိုင်ငံ ဖလိုရက်စ်ကျွန်း၏ အရှေ့တောင်ပိုင်းတွင် တည်ရှိသော လီဗိုတိုဘီ လာကီလာကီ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်မှပြာများသည် လေထုထဲသို့ ၈ ကီလိုမီတာ(၅ မိုင်)ကျော်အထိမြင့်တက်သွားကာ လေကြောင်းခရီးစဉ်များကို နှောင့်နှေးစေခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဒေသခံများနှင့် ဧည့်သည်များကို မီးတောင်ပေါက်ကွဲမှု၏ အနောက်တောင်ဘက်နှင့် အရှေ့မြောက်ဘက်ပိုင်း ၇-၈ ကီလိုမီတာ(၄ ဒသမ ၄-၅မိုင်) အတွင်း လှုပ်ရှားမှုများမှ ရှောင်ကြဉ်ရန် အင်ဒိုနီးရှား မီးတောင်ဘူမိဗေဒနှင့် ဘေးအန္တရာယ်လျှော့ချရေးစင်တာက သတိပေးခဲ့သည်။

ထိုမီးတောင်ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် ည ၁၀ နာရီ ၅၆ မိနစ်တွင် စတင်ခဲ့ကြောင်း သိရသည်။ **Mon**

**STOP AIDS**

# ကမ္ဘာ့ပျော်ရွှင်မှုအညွှန်းကိန်းများကို အကဲဖြတ်ခဲ့ရာ ၂၀၂၄ ခုနှစ်တွင် ၃၄ နေရာသို့ စင်ကာပူနိုင်ငံရောက်ရှိ

**စင်ကာပူ မတ် ၂၁**

၂၀၂၄ ခုနှစ်တွင် စင်ကာပူနိုင်ငံသားများသည် လွန်ခဲ့သောနှစ်အနည်းငယ်ကလောက် မပျော်ရွှင်ဘဲ လျှော့နည်းခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မတ်လ ၂၀ ရက်က ထုတ်ပြန်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုအရ နိုင်ငံသည် ကမ္ဘာတစ်ဝန်းရှိ နေရာ ၁၄၇ ခုအတွက် ပျော်ရွှင်မှု အညွှန်းကိန်းများကို အကဲဖြတ်ခဲ့ရာ စင်ကာပူသည် လေးနေရာ ကျဆင်းကာ ၃၄ နေရာသို့ ရောက်ရှိခဲ့သည်။

စင်ကာပူနိုင်ငံ၏ လက်ရှိအဆင့်သည် ၂၀၁၇နှင့် ၂၀၁၈ ခုနှစ်များကကဲ့သို့ပင် ၂၀၁၂ ခုနှစ်တွင် ပထမဆုံး အစီရင်ခံစာထုတ်ပြန်ပြီးနောက် အနိမ့်ဆုံးဖြစ်သည်။



၂၀၂၃ ခုနှစ်တွင် စင်ကာပူသည် ၃၀ နေရာတွင် ရပ်တည်ခဲ့သော်လည်း အာရှတွင် အပျော်ရွှင်ဆုံး နိုင်ငံဖြစ်ခဲ့သည်။

ယခုအကြိမ်တွင်မူ စင်ကာပူနေရာသို့ တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်းရောက်ရှိနေပြီး စာရင်း၏ ၂၇ နေရာတွင် ရှိနေကြောင်း အောက်စဖို့ဒ်တက္ကသိုလ်၊ ဂါးလပ်နှင့် ကုလသမဂ္ဂတို့မှ ထုတ်ဝေသော လေ့လာမှုက ဖော်ပြသည်။

အကဲဖြတ်မှုများကို သုံးနှစ်အတွင်း ပြုလုပ်ခဲ့ပြီး လူမှုထောက်ပံ့မှု၊ တစ်ဦးချင်းပြည်တွင်းထုတ်ကုန်၊ ကျန်းမာသော သက်တမ်း၊ လွတ်လပ်မှု၊ ရက်ရောမှုနှင့် ခြစားမှုအပေါ် အမြင်တို့အပါအဝင် ကိန်းရှင်ခြောက်ခုကို ထည့်သွင်းစဉ်းစားခဲ့ကြောင်း သိရသည်။

**Mon**

# အမေရိကန်လေကြောင်းလိုင်း စက်ပြင်ဆရာတစ်ဦးကို ထိန်းသိမ်းထားပြီးနောက် တာလီဘန်အဖွဲ့က လွှတ်ပေး

**ကဘူးလ် မတ် ၂၁**

အမေရိကန်လေကြောင်းလိုင်း စက်ပြင်ဆရာတစ်ဦးကို အာဖဂန်နစ္စတန်၌ နှစ်နှစ်ကျော်မျှ ထိန်းသိမ်းထားပြီးနောက် တာလီဘန်အဖွဲ့က မတ် ၂၀ ရက်တွင် လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်အဖြစ် လည်ပတ်စဉ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက ဖမ်းဆီးခံခဲ့ရသော ဂျော့ဂ်ဂလက်ဇ်မန်းသည် ညနေပိုင်းတွင် ကာတာနိုင်ငံသို့ လေယာဉ်ဖြင့်ရောက်ရှိလာပြီး အမေရိကန်ပြည်ထောင်စုသို့ ဆက်လက်ထွက်ခွာခဲ့သည်။

တာလီဘန်အစိုးရ၏ နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်ပြည်ထောင်စုမှ ပြည်နယ်အတွင်းရေးမှူး အဒမ်ဘိုဟလာနှင့် အခြားအမေရိကန်အရာရှိများကို အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်တွင် လက်ခံတွေ့ဆုံပြီးနောက် ၎င်း၏ လွှတ်မြောက်မှုကို အတည်ပြုခဲ့သည်။

ဂလက်ဇ်မန်း၏ လွှတ်မြောက်မှုသည် "လူသားချင်းစာနာထောက်ထားမှုအပေါ် အခြေခံပြီး ကြင်နာသောစိတ်ဓာတ်ဖြင့် လုပ်ဆောင်ခြင်း"ဖြစ်ကြောင်း တာလီဘန်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမာကိုရူဘီရိုကမူ သဘောတူညီချက်ကို "အပြုသဘောဆောင်ပြီး တည်ဆောက်ပေးနိုင်သောခြေလှမ်း"ဟု ခေါ်ဆိုခဲ့ကြောင်း သိရသည်။

**Mon**



# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၄၉ ဦးနှင့် ကင်ညာနိုင်ငံသား ၄၈ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၄ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း



နေပြည်တော် မတ် ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၄၉ ဦးနှင့် ကင်ညာနိုင်ငံသား ၄၈ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ယနေ့တွင် ပြည်နှင့်လွှဲပြောင်းပေးပြီး ပြည်ပနိုင်ငံသား ၂၅၄ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများသည် အဆိုပါ လွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အထောက်အထား စာရင်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသံအမတနိုင်ငံ သံရုံးမှ Deputy Ambassador Mrs.Nancy Wanjiru Mwangi နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၅၀ နှင့် အီသီယိုးပီးယားနိုင်ငံသား ၁၀၄ ဦး စုစုပေါင်း ၂၅၄ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၈၇၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၁၄၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၂၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# PDF အမည်ခံ အကြမ်းဖက်သမားများက ခင်ဦးမြို့နယ် ပျဉ်ထောင်ကျေးရွာရှိ ဒေသခံပြည်သူ အမျိုးသမီးတစ်ဦးအား လက်နက်ငယ်ဖြင့် အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်

နေပြည်တော် မတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ပျဉ်ထောင်ကျေးရွာမှ ဒေသခံပြည်သူ အမျိုးသမီးတစ်ဦးအား PDF အမည်ခံ အကြမ်းဖက်သမားများက မတ် ၂၀ ရက်တွင် လက်နက်ငယ်ဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့နယ် ပျဉ်ထောင်ကျေးရွာနေ ဒေါ်ခင်ညွန့် ၆၆ နှစ်(ဘ) ဦးဘိုးမော်သည် မတ် ၂၀ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် ကျေးရွာ၏အနောက်ဘက်ရှိ ပဲစိုက်ခင်း၌ ရိုးသားစွာ အလုပ်လုပ်ကိုင်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဒေါ်ခင်ညွန့်အား ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များအပေါ် ထောက်ခံအားပေးမှုမရှိသော အကြောင်းပြချက်ဖြင့် လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် မြို့၊ ရွာများအတွင်းဝင်ရောက်၍ အတင်းအဓမ္မလူသစ်စုခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်ခြင်းမရှိသော ဒေသခံပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် သံဃာတော်များကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ လူသားမဆန်စွာ လုပ်ကြံ၊ သတ်ဖြတ်မှုများကို မကြာခဏလုပ်ဆောင်လျက်ရှိပြီး ထိုသို့လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းများအား တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

PDF အမည်ခံအကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူတစ်ဦးအား လက်နက်ငယ်ဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် နေရာပြပုံ။



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Nay Mg Mg Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်နေ မောင်မောင်ထွန်း(ခ)နေမောင်မောင်ထွန်းအား ည ၇ နာရီခွဲတွင် မြဝတီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမှတ်(၂)ရပ်ကွက်၊ ဖိုးရာဇာလမ်းရှိ ဂိုထောင်မီးလောင်

မိုင်းရှူး မတ် ၂၁

မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီ ၁၀မိနစ်ခန့်က ရှမ်းပြည်နယ်၊ မိုင်းရှူးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဖိုးရာဇာလမ်းရှိ ပိုင်ရှင် ဦး---၏ ၁၅ × ၂၀ပေ၊ သွပ်မိုး၊ သွပ်ကာမြေစိုက်ဂိုထောင်တွင်သွယ်တန်းထားသော လျှပ်စစ်ပလပ်ခုံ အပူလွန်ကဲပြီး အနီးရှိ အဝတ်အထည်ထည့်ထားသော စက္ကူဖာများသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မိုင်းရှူးမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်သုံးစီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၂၅မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ၁၅ × ၂၀ ပေ၊ သွပ်မိုး၊ သွပ်ကာမြေစိုက်ဂိုထောင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦး--အား မိုင်းရှူးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ရှိ စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှု

**မန္တလေး မတ် ၂၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှ စတင်ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဆက်လက်ဖြေဆိုလျက်ရှိကြပြီး ယနေ့တွင် သမိုင်းဘာသာရပ်နှင့် ရူပဗေဒဘာသာရပ်ကို ဖြေဆိုကြသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနများသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စာစစ်ဌာနများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများက စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများမှ ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးမှု၊ ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများအခမဲ့ အသုံးပြုနိုင်ရန် စီစဉ်ထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးနေမှုတို့အား ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာမေးပွဲကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ထောက်ပံ့ကိစ္စများ ဆောင်ရွက်ပေးနေကြသူများကို အားပေးစကားများပြောကြားခဲ့သည်။

၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မန္တလေးတိုင်းဒေသကြီးအတွင်း စာစစ်ဌာန (၈၉)ခု ဖွင့်လှစ်ထားပြီး ယနေ့ သမိုင်းဘာသာရပ်နှင့် ရူပဗေဒဘာသာရပ်များကို သက်ဆိုင်ရာ စာစစ်ဌာနများတွင် ဝင်ရောက်ဖြေဆိုကြရာ သမိုင်းဘာသာရပ်၌ ဝင်ရောက်ဖြေဆိုရန် စာရင်းရှိ ၁၂၀၆ ဦး၊ ဖြေဆိုသူ ၁၀၉၃ ဦး၊ ပျက်ကွက် ၁၁၃ ဦးရှိပြီး ဖြေဆိုမှု (၉၀ ဒသမ ၆၃)ရာခိုင်နှုန်း ရှိကြောင်း၊ ရူပဗေဒဘာသာရပ်၌ ဝင်ရောက်ဖြေဆိုရန် စာရင်းရှိ ၃၄၂၉၄ ဦး၊ ဖြေဆိုသူ ၃၃၁၄၉ ဦး၊ ပျက်ကွက် ၁၁၄၅ ဦးရှိပြီး ဖြေဆိုမှု (၉၆ ဒသမ ၆၆) ရာခိုင်နှုန်းရှိကြောင်း မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

**(မန္တလေးနေ့စဉ်)**
















## ဒိန်းမတ်အသင်းက ပေါ်တူဂီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် မတ် ၂၁**

ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ (Play-offs) (ပ-ကျော့) ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဒိန်းမတ်အသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒိန်းမတ်အသင်းက ပေါ်တူဂီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဒိန်းမတ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၇၈မိနစ်တွင် ဟွိုင်လန်းက သွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

ဒိန်းမတ်အသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ (Play-offs)(ဒု-ကျော့) ပွဲစဉ်အား လာမည့် မတ် ၂၄ ရက်တွင် ပေါ်တူဂီအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(NGB)**

## အလက်ဇန္ဒားအီဆက်ခ်အား လုပ်ခလစာငွေတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် နယူးကာဆယ်အသင်း စီစဉ်

**လန်ဒန် မတ် ၂၁**

ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းသည် အသင်း၏ အဓိက တိုက်စစ်မှူး အလက်ဇန္ဒားအီဆက်ခ်အား လုပ်ခလစာငွေတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် အလျင်အမြန် စီစဉ်လာခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းကြောင့် နယူးကာဆယ်အသင်းက အသင်းတွင် ဆက်ထိန်းနိုင်ရန် ကြိုးပမ်းလာခြင်းဖြစ်သည်။



တိုက်စစ်မှူး အလက်ဇန္ဒားအီဆက်ခ်သည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၀၀ကစားပြီး ၅၈ဂိုး သွင်းယူကာခြေစွမ်းပြထားသည်။

နယူးကာဆယ်အသင်းထုတ်ပြန်ချက်တွင် 'အလက်ဇန္ဒားအီဆက်ခ်ကို လုပ်ခလစာငွေတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်မှာပါ'ဟု ထုတ်ပြန်သည်။

**(ဝဲပုံ) (NGB)**

## လော်တာရိုမာတီနက်ဇ် ဒဏ်ရာကြောင့် အာဂျင်တီးနားလက်ရွေးစင်အသင်းလူစာရင်းမှ နုတ်ထွက်

**လန်ဒန် မတ် ၂၁**



အာဂျင်တီးနားလက်ရွေးစင်အသင်းတိုက်စစ်မှူး လော်တာရိုမာတီနက်ဇ်သည် တံကောက်ကြောဒဏ်ရာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားလက်ရွေးစင်အသင်းတွင် မက်ဆီအပါအဝင် ယခု လော်တာရိုမာတီနက်ဇ်လည်း နုတ်ထွက်လာခြင်းကြောင့် အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၈မှ ၂၀၂၄အထိ ပြိုင်ပွဲပေါင်းပွဲ ၇၀ ကစားကာ ၃၂ဂိုး သွင်းယူထားသည်။

**(အပေါ်ပုံ) (NGB)**

## မွိုက်စ်ကိန်းအား ခေါ်ယူရန် အာဆင်နယ်အသင်း စိတ်ဝင်စား

**လန်ဒန် မတ် ၂၁**

အာဆင်နယ်အသင်းသည် ဖီအိုရင်တီးနားအသင်း တိုက်စစ်မှူး မွိုက်စ်ကိန်းအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဖီအိုရင်တီးနားအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး ဂိုး ၂၀ထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဖီအိုရင်တီးနားအသင်းကလည်း မွိုက်စ်ကိန်းအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ဖီအိုရင်တီးနားအသင်းထံမှ မွိုက်စ်ကိန်းအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## နည်းပြ ဒီဇာဘီနှင့် အဆင်မပြေဖြစ်နေသည့် ဂရင်းဝုဒ် မာဆေးလ်အသင်းမှ ထွက်ခွာဖွယ်ရှိ



**ပါရီ မတ် ၂၁**

မာဆေးလ်အသင်း နည်းပြ ဒီဇာဘီနှင့် အဆင်မပြေဖြစ်နေသည့် တိုက်စစ်မှူး ဂရင်းဝုဒ်သည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများအပြင် ဆော်ဒီကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(ဝဲပုံ)**

တိုက်စစ်မှူး ဂရင်းဝုဒ်သည် မာဆေးလ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၈ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဂရင်းဝုဒ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း မာဆေးလ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

## 2025 Miami Open presented by Itau
## အမျိုးသမီးတင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Coco Gauff တက်ရောက်

**မိုင်ယာမီ မတ် ၂၁**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ အိမ်ရှင် အမေရိကန် တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင် အမေရိကန် တင်းနစ်မယ် Coco Gauff သည် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် တစ်နိုင်ငံ တည်းဖြစ်သူ တင်းနစ်မယ် Sofia Kenin အား ၆-၀၊ ၆-၀ ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် အိမ်ရှင် အမေရိကန် တင်းနစ်မယ် Coco Gauff နှင့် ဂရိတင်းနစ်မယ် Maria Sakkari တို့ ယှဉ်ပြိုင်ကစား သွားမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**

0-0-0-0-0-0-0



## ဘရာဇီးအသင်းက ကိုလံဘီယာအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူ

**လန်ဒန် မတ် ၂၁**

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲစဉ်)အဖြစ် ယနေ့နံနက်ပိုင်းက ဘရာဇီးအသင်းနှင့် ကိုလံဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးအသင်းက ကိုလံဘီယာအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(ယာပုံ)**

ဘရာဇီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆မိနစ်တွင် ရာဖင်ဟာ၊ ပွဲချိန် (၉၀+၉) မိနစ်တွင် ဗင်နီစီယပ်စ်တို့က သွင်းယူပေးခဲ့ပြီး ကိုလံဘီယာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၄၁မိနစ်တွင် လူးဝစ်ဒီယက်ဇ်က သွင်းယူပေးခဲ့သည်။

ဘရာဇီးအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (တောင်အမေရိကဇုန်-ခြေစစ်ပွဲစဉ်)အဖြစ် လာမည့် မတ် ၂၆ ရက်တွင် အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(NGB)**



### ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ(ဥရောပဇုန်-အုပ်စုအဆင့်)ပွဲစဉ်ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု ရလဒ် |
|---|---|---|---|---|
| ၂၂-၃-၂၀၂၅ စနေနေ့ | ည ၈း၃၀ နာရီ | J | လက်ချီစတိန်း - မြောက်မက်ဆီဒိုးနီးယား | လက်ချီစတိန်း ၀-၄ မြောက်မက်ဆီဒိုးနီးယား |
| ။ | ည ၁၁း၃၀ နာရီ | I | မော်လ်ဒိုဗာ - နော်ဝေ | မော်လ်ဒိုဗာ ၁-၂ နော်ဝေ |
| ။ | ။ | L | မွန်တီနီဂရိုး - ဂျီဘရော်လ်တာ | ဂျီဘရော်လ်တာ ၀-၃ မွန်တီနီဂရိုး |
| ၂၃-၃-၂၀၂၅ တနင်္ဂနွေနေ့ | နံနက် ၀၂း၁၅ နာရီ | I | အစ္စရေး - အက်စ်တိုးနီးယား | အစ္စရေး ၄-၀ အက်စ်တိုးနီးယား |
| ။ | ။ | J | ဝေးလ်စ် - ကာဇက်စတန် | - |
| ။ | ။ | L | ချက် - ဖာရိုးကျွန်းစုများ | ချက် ၁-၀ ဖာရိုးကျွန်းစုများ |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၂-၃-၂၀၂၅ စနေနေ့ | ည ၁၁း၃၀ နာရီ | လူဇင်ဘတ် - ဆွီဒင် |
| ၂၃-၃-၂၀၂၅ တနင်္ဂနွေနေ့ | နံနက် ၀၀း၁၅ နာရီ | အဇာဘိုင်ဂျန် - ဟေတီ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်းတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားသို့ တက်ရောက်၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှု

**မန္တလေး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ သစ်တောကျောင်း ကျွန်းရတနာ ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်တောကျောင်း သင်တန်းဆရာများနှင့် သင်တန်းသားများ၊ အသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့လူသားအားလုံးအတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ သာယာဝပြောရေးတို့အတွက် မရှိမဖြစ် အရေးပါသည့် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ကြရန် နှိုးဆော်သည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်မှာ "Forests and Foods" သစ်တောများနှင့် စားရေရိက္ခာများဖြစ်ပါကြောင်း၊ လူသား ၅ ဘီလီယံကျော်က သစ်တောများမှ အစားအစာ၊ ဆေးဝါးနှင့် အသက်မွေးဝမ်းကျောင်းအတွက် အသုံးပြုလျက်ရှိပါကြောင်း၊ ခေတ်မီဆေးဝါးများ၏ ၂၅ ရာခိုင်နှုန်းကျော်သည် အပူပိုင်းဒေသ သစ်တောများမှ ရရှိပါကြောင်း၊ စားရေရိက္ခာအတွက် သစ်တောဂေဟစနစ် မြှင့်တင်ထိန်းသိမ်းရန်၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှကာကွယ်ရန်၊ ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်စေရန်နှင့် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း တိုးတက်လာစေရန်တို့အတွက် နိုင်ငံတော်က နှစ်ရှည်စီမံကိန်းများ၊ စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်းနှင့် ရည်မှန်းချက်များ ပြည့်မီအောင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် အားလုံးကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် Video clip နှင့် ပြသထားသည့် ပိုစတာများကို ကြည့်ရှုအားပေးကြကာ တက်ရောက်လာသူများကို ရင်းနှီးစွာ နှုတ်ဆက်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေအား လိုက်လံကြည့်ရှုကာ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေများနှင့် ဈေးကြီးမှထွက်ရှိမည့် စွန့်ပစ်ရေထွက်ကြောင်းများအတွက် လမ်းဖြတ်ရေမြောင်းတည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀













သတင်း-စာမျက်နှာ ၁၂















## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကာ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥနှင့် ငါးများကို အထူးသက်သာသော ဈေးနှုန်းများဖြင့် ၂၆ လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီးတွင် ယနေ့ မွန်းလွဲ ၂နာရီမှစတင်ကာ ရောင်းချပေးခဲ့သည်။

ယနေ့ ရောင်းချပြီးလျှင် အစိုးရရုံးပိတ်ရက်များအတွင်း ရောင်းချပေးမှုကို ခေတ္တရပ်နားသွားမည်ဖြစ်ပြီး တနင်္လာနေ့တွင် ပုံမှန်အတိုင်းပြန်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

# စကြဝဠာနှင့် မြင်းမိုရ်တောင် အယူအဆကို ဖော်ကျူးသည့် ရှေးဟောင်းမြန်မာမှုလက်ရာများ

၁၅-၃-၂၀၂၅ စာမျက်နှာ-၁၄မှအဆက်

**ရွှေနန်းတော်မှ မြင်းမိုရ်တောင် အယူအဆ**

မင်းတုန်းမင်းကြီး၏ နန်းမြို့ရိုးအတွင်းမှ မြနန်းစံကျော်ရွှေနန်းတော်ရှိ မြနန်းပြာသာဒ် ဆောင်နှင့် လက်ဝဲပွဲတက်ဆောင်၊ လက်ရာပွဲ တက်ဆောင်တို့မှ တိုင်လုံးများတွင် မြန်မာ့လက်မှု အနုပညာယွန်းကြိုးထိုးထားသည်များကို ကြည့် လျှင် မြင်းမိုရ်တောင် အယူအဆများထည့်သွင်း ထားကြောင်း ဆရာ ဦးပေါက်ပေါက်က အသေး စိတ် ရှင်းပြသည်။

"မင်းတုန်းမင်းတရားကြီးရဲ့ ဘွဲ့ထဲမှာ တစ်ခုသောဘွဲ့က လေးကျွန်းစကြာ သခင်ဆိုတဲ့ ဘွဲ့အမည်ပါရှိတယ်။ သူဖန်တီးခဲ့တဲ့ မြနန်း ပြာသာဒ်နဲ့ ဝဲ၊ ယာ ပွဲတက်ဆောင်တွေက တိုင် လုံးခါးပတ်တွေမှာ ပတ်ရံပြီး ပုံဖော်ထားတာ တွေကို ကြည့်ရင် မြင်းမိုရ်တောင်စကြဝဠာ အယူအဆနဲ့ နီးနွယ်ပတ်သက်နေတယ်။ အဲဒါ တွေကြည့်ရင် အထက်အောက်မှာ ကြာဖတ်တွေ ရှိပြီး အထက်က ကြာထောင်၊ အောက်ဘက်က ကြာပန်းဆွဲဆိုပြီး နှစ်ခုပါတယ်။ အဲဒါက လေး ကျွန်းစကြာမြင်းမိုရ်ကို ရံပတ်နေတဲ့ သမုဒ္ဒရာ တွေကို ကိုယ်စားပြုထားတယ်။ ပုလဲလုံးတန်း၊ ရွှဲလုံးတန်းတွေက တောင်စဉ် ခုနစ်ထပ်ကို ရည် ညွှန်းပြီး တိုင်မရဲ့အလယ်က ပွင့်ချပ်လေးချပ် ရံထားတဲ့အလယ်မှာ ပန်းပွင့်ပုံဖော်ထားတယ်။ ပွင့်ဖတ်လေးဖတ်က ကျွန်းကြီးလေးကျွန်းကို ဆိုလိုတယ်။ တာဝတိံသာနတ်ပြည်မှာ ပွင့်တဲ့ နတ်ပန်းမန္ဒာရူဆိုတာက ပွင့်ချပ်ရှစ်ချပ်ရှိတဲ့ အတွက် ဒီမှာလည်း ပွင့်ချပ် ရှစ်ချပ်ကို တွေ့ရ တယ်။ ဒီလိုပုံဖော်ထုဆစ်ထားတာက အဓိပ္ပာယ်မဲ့ မဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိနဲ့ စကြဝဠာအယူ အဆရော၊သူပိုင်စိုးတဲ့အာဏာရဲ့ အထွဋ်အမြတ် ဖြစ်တဲ့ မြနန်းပြာသာဒ်အဆောင်က တိုင်တွေမှာ ပုံဖော်ထားတာပဲဖြစ်တယ်"ဆရာဦးပေါက်ပေါက် က ပြောသည်။

**မြင်းမိုရ်တောင်အယူအဆနှင့် ငါးဆူဘုရား**

အမရပူရရှိ ငါးဆူဘုရား(ခေါ်)ရှင်လွန်းမယ် ဘုရားတွင်လည်း မြင်းမိုရ်တောင်အယူအဆကို ပုံဖော်ထားသည်ကို တွေ့နိုင်သည်။ စန္ဒာမုနိ ဘုရား၏ မြောင်ဘက်ကပ်လျက်တွင်ရှိပြီး ရှင် လွန်းမယ်သည် ဘိုးတော်ဘုရား(ပဒုံမင်း)၏ မိဖုရားတစ်ပါးဟု သိရသည်။ အမရပူရခေတ်က လက်ရာဖြစ်သည်။ရှင်လွန်းမယ်ကောင်းမှုဖြစ်၍ ရှင်လွန်းမယ်ဘုရားဟုလည်း ဆိုကြသည်။ ထို ဘုရား၏ ထူးခြားမှုမှာ ပြာသာဒ်လေးဆူရံပြီး အလယ်မှ ပြာသာဒ်အကြီးပေါက်၍ တည်ထား သော ဘုရားဖြစ်ပြီး ဘုရားပတ်လည်တွင် ခြသေ့် ပေါင်း ၂၈ ကောင် ရံထားသည်။



လေးကျွန်းမြင်းမိုရ်ကို သမုဒ္ဒရာများ ဝန်းရံ ထားသည့် သဏ္ဌာန်ဖြစ်အောင် အောက်ခံကလာပ် ခံဖြင့် တည်ထားသော လိုဏ်ဘုရားတစ်ဆူဖြစ် ပြီး ပရိဝုဏ်ပတ်လည်တွင် ဘုရားဖြစ်တော်စဉ် (၁၃၆)ဘဝကို အင်္ဂတေဖြင့် ရုပ်ကြွများအဖြစ် ပုံဖော်ထားသည်။ ပတ်ပတ်လည် ပစ္စယံသည် သမုဒ္ဒရာကို ကိုယ်စားပြုထားပြီး ထိုမှတစ်ဆင့် ကျွန်းကြီးလေးကျွန်းရံကာ အထက်ဘက်သို့ မြင်းမိုရ်တောင်ပုံစံ အလယ်မှ ပြာသာဒ်ကို အမြင့် ယူ၍ တည်ဆောက်ထားသည်။

"ဘိုးတော်ဘုရားကောင်းမှု မဟာစန္ဒာမုနိ ဘုရားရဲ့ မြောက်ဘက်ကပ်လျက်မှာ တွေ့ရမယ်။ ထူးခြားချက်က တခြားလိုဏ်ဘုရားတွေနဲ့မတူဘဲ ပြာသာဒ်လေးဆူနဲ့ အလယ်မှာ ပြာသာဒ်ကြီးပေါက် ပြီး တည်ထားတဲ့အမရပူရမှာ တစ်ဆူတည်းသော ဘုရား ဖြစ်တယ်။ ထို့အပြင် ထောင့်တစ်ထောင့်မှာ ခြသေ့်ခုနစ်ကောင်ရှိတာကြောင့် ပတ်လည်ပေါင်း လိုက်ရင် ခြသေ့် ၂၈ ကောင်ရှိတော့ မန္တလေးဒေသ မှာ ခြသေ့်အများဆုံးဘုရားလို့ ပြောရမယ်။ လေး ကျွန်းမြင်းမိုရ်ကို သမုဒ္ဒရာကြီးတွေ ပတ်ဝိုင်းထား တဲ့ သဏ္ဌာန်ဖြစ်အောင် ခိုနန်းကြိုးတွေရယ်၊ အောက်ခံကလာပ်ခံတွေနဲ့ တည်ဆောက်ထားတာပါ။ မြတ်စွာဘုရားရဲ့ ဖြစ်တော်စဉ်ထဲက "အစကြိုး ကြာ၊ ဆယ့်ခြောက်ခါသည်"ဆိုသော သက်တော် ရှည်၊ဘုန်းတော်ကြီးခဲ့တဲ့ ဖြစ်တော်စဉ်(၁၃၆) ဘဝကို အောက်ခံကလာပ်ခံမှာ ပတ်ရံပြီး အင်္ဂတေ နဲ့ ပုံဖော်ထားပြန်တယ်။ ဘိုးတော်ဘုရားက မင်းကွန်းမှာ စဉ့်တွေနဲ့ ထုဆစ်ခဲ့ပေမယ့် ရှင်လွန်း မယ်ကတော့ အမရပူရမှာ အင်္ဂတေနဲ့ထုဆစ်ခဲ့ တယ်။ ခေတ်အဆက်ဆက်မှာ ကြည်ညိုသဒ္ဓါနဲ့ ထုံးတွေ အလီလီသုတ်ကြတော့ ရုပ်ကြွလက်ရာ တွေက ပီပြင်မှုနည်းသွားပြီ။ ဖြစ်တော်စဉ်ရုပ်ကြွ တွေ ပတ်ပတ်လည်နဲ့ ပစ္စယံက သမုဒ္ဒရာကို ကိုယ်စားပြုပြီး အဲဒီကတစ်ဆင့် ကျွန်းကြီးလေး ကျွန်းရံတဲ့ မြင်းမိုရ်တောင်ကို အလယ်က ပြာသာဒ် ကြီးနဲ့ ပုံဖော်ထားတယ်"ဟု မြင်းမိုရ်တောင် အယူ အဆများ ဆက်စပ်မှုကို ရှင်းပြသည်။



စကြဝဠာနှင့် မြင်းမိုရ်တောင်အယူအဆကို အခြေခံ၍ တည်ထားကိုးကွယ်ခဲ့သည့် ဘုရားများ မှာ မင်းကွန်းတွင် မြသိန်းတန်စေတီ၊ အမရပူရတွင် ရှင်လွန်းမယ်၊ အင်းဝတွင် သစ္စာတိုက်ဘုရား၊ မဟာ မုနိရုပ်ရှင်တော်(ဘုရားကြီး)မှ ရှင်မာလဲဘုရားတို့ ဖြစ်ပြီး ပန်းပုလက်ရာများကို ရွှေနန်းတော်ကျောင်း နှင့် မြနန်းစံကျော် ရွှေနန်းတော်မှ မြနန်းပြာသာဒ် ဆောင်တွင် တွေ့ရသည်။

ရှင်မာလဲဘုရားစေတီသည် မဟာမုနိရုပ်ရှင် တော် မပင့်ဆောင်မီကတည်းက တည်ရှိခဲ့သည်ဟု အဆိုရှိကြောင်းနှင့် စေတီတော်တည်ဆောက်ပုံမှာ သာမန်လုံးတော်ပြည့်စေတီပုံစံမဟုတ်ဘဲ နတ်လမ်း များ၊မုခ်ဦးများနှင့် အဆင့်ဆင့်တည်ဆောက်ထား ခြင်းက မြင်းမိုရ်တောင်ကို ရည်ရွယ်တည်ဆောက် ထားကြောင်းနှင့် အမရပူရခေတ်စေတီတော်ဖြစ် ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြ တိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)၏ သုတေသန စာတမ်းတွင် ပါရှိသည်။ စကြဝဠာနှင့် မြင်းမိုရ် တောင်အယူအဆများပါရှိသည့် အခြားသော ဘုရားစေတီနှင့် ဘုန်းတော်ကြီးကျောင်းများ လည်း ရှိနိုင်သည်။

**မြင်းမိုရ်တောင်ဖြစ်ပေါ်လာပုံ**

မြတ်စွာဘုရားအောင်ခြင်းရှစ်ပါးတွင် ပါဝင် သော နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမတော်မူတဲ့ တရား ဒေသနာမှာ မြင်းမိုရ်တောင် အကြောင်းပါရှိပြီး အခြားမြင်းမိုရ်တောင် အယူအဆများလည်း ရှိ သည်။ တောင်တကာတို့၏ မင်းဖြစ်သော မဟာ သမုဒ္ဒရာ၏အပေါ် ယူဇနာပေါင်း ၈၄၀၀၀ မြင့် ၍ မဟာသမုဒ္ဒရာ၏အောက်တွင် ယူနာပေါင်း ၈၄၀၀၀ နစ်မြုပ်နေကြောင်း၊ ကမ္ဘာတည်ချိန်တွင် အလုံးစုံသော မြေအရပ်တို့ မဖြစ်ပေါ်မီ ရှေးဦး ပထမ ဖြစ်ပေါ်လာ၍ ယူဇနာပေါင်း ၈၄၀၀၀ ကျယ်ဝန်းသည်ဟု ရေးသားမှုများလည်း ရှိသည်။

မြင်းမိုရ်တောင်ဖြစ်ပေါ်လာပုံ ဖော်ပြသည့် ကျမ်းစာတစ်ခုတွင် ကမ္ဘာကြီးသည် အကြောင်း တစ်မျိုးဖြင့် ပျက်စီးသွားပြီး ကမ္ဘာပြိုမိုးကြီးရွာ သွန်းသည်။ ထိုရေတို့သည် အထက်ပဋ္ဌမဈာန် ဗြဟ္မာဘုံမှ တဖြည်းဖြည်းလျော့နည်းလာရာ မြင်းမိုရ်တောင်နှင့်နီးသောအရပ်၌ ရေများက အလွန်ပျစ်ချွဲလာကြောင်း။ ကာလကြာသောအခါ ရွှံ့ပျစ်ခဲကြီးမှတစ်ဆင့် အခဲဖြစ်လာ၍ လှည်းဘီး ကဲ့သို့ရှိသော ယူဇနာပေါင်း ၈၄၀၀၀ ကျယ် ဝန်းသည့် မြေသားဖြစ်လာကြောင်းစသဖြင့် ဖော်ပြထားသည်များလည်း ရှိသည်။

စကြဝဠာနှင့် မြင်းမိုရ်တောင် အယူအဆ များကို ဖော်ကျူးရာတွင် သိကြားမင်းရပ်တည် သည် တာဝတိံသာနတ်ပြည်နှင့် မြင်းမိုရ်တောင် ကိုလည်းကောင်း၊ နေနှင့်လကို ဒေါင်းရုပ်နှင့် လရုပ်တို့ဖြင့် ပုံဖော်၍လည်းကောင်းစသဖြင့် ကိုယ်စားပြု၍ ထုဆစ်ခဲ့ကြသည်။ ဘုရားစေတီ များ တည်ထားကိုးကွယ်ကြသည်ဖြစ်၍ ရှေး မြန်မာတို့၏ စိတ်ကူးစိတ်သန်းသည် အရာရာ တွင် အကြောင်းမဲ့ ပြုလုပ်ခြင်းမဟုတ်သည်ကို သိရှိနိုင်ပေသည်။ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အယူအဆများနှင့် ဆက်နွယ်၍ အနုပညာ လက်ရာများဖြင့် ထုဆစ်ခဲ့သည်။

သို့ဖြစ်ရာ ရှေးမြန်မာတို့ ထုဆစ်ခဲ့သည့် ဘုရားကျောင်းကန်တို့မှ အနုပညာလက်ရာ များတွင် စကြဝဠာနှင့် မြင်းမိုရ်တောင်အယူအဆ ကို ပုံဖော်ထုဆစ်မှုထားသည့် ရှေးဟောင်းအမွေ အနှစ်တန်ဖိုးကို တန်ဖိုးထားဂုဏ်ယူစွာဖြင့် အခွန့် ရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည်ဟု ဆိုချင်ပါတော့သည်။



ခိုင်ဆက်ဝေ

## အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**ကသာ မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု




ဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားရာတွင် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားရေးကို ပူးပေါင်းဆောင်ရွက်ကြရာတွင် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း၊ စာကြည့်တိုက်များကို သက်ဝင်လှုပ်ရှားအောင် အဓိကစီမံဖန်တီးပေးကြသူများမှာ စာကြည့်တိုက်တာဝန်ခံများဖြစ်သည့်အတွက် စာကြည့်တိုက်ပညာရပ်များကို အလေးနက်ထား လေ့လာသင်ယူကြရန် တိုက်တွန်းပြောကြားသည်။ ဆက်လက်၍ ကသာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံစာကြည့်တိုက် ပညာသင်တန်းကို မတ် ၁၇ ရက်မှ မတ် ၂၁ ရက်အထိ သင်တန်းသား ၂၀ ဦးဖြင့် နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(ဓဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

## လူငယ်နှင့်အနာဂတ်ဘဝမြှင့်တင်ရေး ဆောင်းပါးများ စာအုပ်ဖြင့်စာဖတ်ဝိုင်း ကျင်းပ

**ပုဗ္ဗသီရိ မတ် ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲပိုင်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ်ကလေးဘဝမှစတင်၍ စာအုပ်စာပေနှင့် ရင်းနှီးစေရန်၊ စာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာတတ်သည့် အလေ့အထများဖြစ်ပေါ်စေရန်၊ စဉ်းစားတွေးခေါ်မှုအားကောင်းစေရန် ရည်ရွယ်၍ စာရေးဆရာ မောင်မိုးယံ ရေးသားသည့် လူငယ်နှင့် အနာဂတ်ဘဝမြှင့်တင်ရေး ဆောင်းပါးများစာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူလေ့လာရန် လိုအပ်သလိုပြင်ပဗဟုသုတရရှိစေမည့် စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် အနာဂတ်လူငယ်များဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စာဖတ်ဝိုင်းကို ကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်အနာဂတ်ဘဝမြှင့်တင်ရေး ဆောင်းပါးများ၊ စာအုပ်ပါ အကြောင်းအရာများကို ဖတ်ကြားကြကာ မိမိတို့နားလည်သဘောပေါက်သည်များအား သုံးသပ်ဆွေးနွေးခဲ့ကြပြီး စာဖတ်ဝိုင်းအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(ယာပုံ)

**အောင်ကို(ဖန်ခါးမြေ)**



## ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၁၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့

**ကျွန်းလှ မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားစေရန်အတွက် ဟင်းသီးဟင်းရွက်မျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၁၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံကို မိုးရာသီနှင့် ဆောင်းရာသီမှာ စိုက်ပျိုးကြတယ်။ ဒီနှစ် ဆောင်းရာသီမှာ ဟင်းသီးဟင်းရွက်စိုက်ပျိုးဖို့ ၅၇၇ ဧကလျာထားသော်လည်း ၁၀၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရာမှာ ဆောင်းရာသီတွင် အဓိကထားစိုက်ပျိုးကြပြီး ပန်းမုန်လာ၊ မုန်လာထုပ်၊ ကိုက်လန်၊ ခရမ်း၊ ငရုတ်၊ ခရမ်း၊ ခရမ်းချဉ်၊ ရုံးပတီ၊ ပဲတောင့်ရှည်၊ ကြက်သွန်၊ မုန်ညင်း၊ မုန်လာဥ ရွှေဖရုံ စတဲ့ သီးနှံတွေ စိုက်ပျိုးကြပါတယ်။ တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) နည်းစနစ်နဲ့ စိုက်ပျိုးဖို့ နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရေး၊ ထွက်ရှိသည့် သီးနှံများ ဓာတုကင်းလွတ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများဖြစ်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာများကို ကွင်းဆင်းအသိပညာပေးခဲ့ကြောင်း သိရသည်။

(၄၈၀)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဂန္ထဝင် မန္တလေး

* လုနတ်မိမယ် "သပြေ"တွယ်လို့
ကိုင်ရှယ်အောင်ဓာတ် "မြန်မာ"ဟပ်သည်
တည်လပ်ပုံစံ နိုင်ငံ့"ဟန်"က
သွင်မှန်ကျန သူ့အလှတည့်။

* နိုင်ငံအလယ် မွန်မြတ်ထည်သို့
တည်ရှယ်မှန်သ "ရတနာပုံ"က
"အင်းဝ-အမရ" နောင်းလွန်ရမို့
သူက "ကုန်းဘောင်" ညီတော်မောင်တည့်။

* မန်းရွှေမြို့တော် မြောက်ကို မျှော်က
တစ်ခေါ်မက ရှမ်းရိုးမနှင့်
သွယ်ကျ "ရေတံခွန်" တောင်တော်မွန်က
အလွန်လှပ နောက်ခံရပြင်
စိမ်းမြညိုရိပ် စိမ့်စမ်းအိပ်တည်
မတိတ်မြေဆီ "မတ္တရာ"မည်။

* ရှိသည် ရှေ့ရပ် "ပုံသုကျီ"ရပ်
မလပ်ရန်ကင်း တောင်တော်မင်းနှင့်
သွယ်ဆင်းတောင်မယ် အောင်ပင်လယ်နဲ့
ရံတွယ်ဝန်းပတ် အိုင်အင်းသပ်ပြင်
အရပ်နောက်ဆီ "အမရ"ထည်နဲ့
သူ့မှီ "ဇေယျာ" "အဝ"ပါတည့်။

* စိမ်းညို့မှိုင်းမှောင် "ရွှေမန်းတောင်"သည်
နောက်မီ ပန်းချီ အလှဆီမို့
ပတ်လည်ကျုံးတော် မြို့ရိုးသြော်လည်း
မှန်သော်မသွေ ဂန္ထဝင်မြေတည့်။

* မန်းရွှေမြို့တော် ရွှေနန်းပျော်ကို
သူနော် "နတ်မောက်" "ထွန်းရှိန်"တောက်က
သူကောက်ငင်ရေး ကလောင်သွေးကို
မနေးအကျွန် လေးစားချွန်ရည်
လက်မွန်မဆွ ထီလာ(စစ်သူ)ကလည်း
အရစပ်ဆို ကဗျာအိုသည်
ပိုပါမျက်နှာ(စာမျက်နှာ) ခနစ်ဆယ်,လာမို့
ဝင့်ထည်ကြွားကြွား ဂန္ထဝင်အားမြေ
သည်မန်းပြေ(ပြည်)ကို လာစေဖိတ်ခေါ်
လှမ်း၍ကြော်သည် လျော်ပါစေသား
ဂန္ထဝင်ပါးမှာ ။ ။

**ရေချမ်း-မန်း**

## သတင်းပဒေသာ

### ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှ ၂၂ ရက်အထိ ဖြေဆိုလျက်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲလာရောက် ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူလေးများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက တက္ကသိုလ်ဝင်စာမေးပွဲလာရောက်ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ကျောင်းကြို၊ ကျောင်းပို့ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ လမ်းသွား၊ လမ်းလာမော်တော်ယာဉ်များ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း ယာဉ်လမ်းကြောပိတ်ဆို့မှုမဖြစ်ပွားစေရေး၊ ယာဉ်လမ်းအန္တရာယ် ကင်းဝေးစေရေးနှင့် ယာဉ်တိုက်မှုမဖြစ်ပွားစေရေးတို့ကို စာမေးပွဲကာလအတွင်း နေ့စဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### Mobile စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိရေး၊ စာပေမှရရှိသည့် ဗဟုသုတများ တိုးပွားစေရေး၊ အလုပ်တာဝန်များကြောင့် စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လာရောက်မငှားရမ်းနိုင်သော ဒေသနေပြည်သူများနှင့် ဝန်ထမ်းများအား Mobile စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၃) ရပ်ကွက်သို့ သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လဲချားမြို့တွင် နွေရာသီကာလကျောင်းပိတ်ရက်တွင် ကျောင်းသားလူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ကိုယ်ကာယ ကျန်းမာသန်စွမ်းစေရန်ရည်ရွယ်၍ နွေရာသီအားကစားသင်တန်းများကို အားကစားနှင့် ကာယပညာဦးစီးဌာနက အချိန်ပိုင်းအလိုက် ယမန်နေ့နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါ နွေရာသီအားကစားသင်တန်းတွင် မြန်မာ့သိုင်း၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ အေရိုးဗစ်၊ ကြက် တောင်ရိုက်စသည့် အားကစားနည်းများကို မတ် ၃၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျောင်းဆင်းဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲနှင့် ပဒေသာကပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့ မူလတန်းကြိုကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းဆင်းဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲနှင့် ပဒေသာကပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ဆက်လက်၍ မူကြိုရင်သွေးငယ်လေးများက တစ်နှစ်နှမ်း တစ်နှစ်ဆန်း၊ စဉ်းစားချင်ပါတယ် စသည့် တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက မူလတန်းကြိုကျောင်းတွင် ကျောင်းဆင်းမည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဆင်း ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီး စုပေါင်း၍ အမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်လူမှုဝန်ထမ်း ဦးစီးဌာန ဦးစီးအရာရှိနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ဆွမ်းအလှူငွေ လှူဒါန်း

**မန္တလေး မတ် ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း



သို့ လစဉ်ထာဝရဆွမ်းအလှူငွေ လှူဒါန်းခြင်းကို မတ် ၁၇ ရက် မွန်းလွဲ ၃ နာရီက အဆိုပါ ကျောင်းတွင် ကျင်းပသည်။

ဆွမ်းအလှူငွေ လှူဒါန်းခြင်းတွင် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လစဉ်ထာဝရ ဆွမ်းအလှူငွေ လှူဒါန်းခြင်းအဖြစ် မတ်လအတွက် ငွေကျပ် သိန်း ၂၀ ကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန(မန္တလေး)မှ ဒေါ်မိုးမိုးတင် (ဒုတိယညွှန်ကြားရေးမှူး)က ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (ဓါတ်ပုံ)

(ဝ၅၂)

---

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ လှူဒါန်း



**မန္တလေး မတ် ၂၁**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာ ပင်အတွက် အလှူငွေပေးအပ်ခြင်း ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊B.A)က ဟောကြားချီးမြှင့်အပ်သော ရေစက်ချအနုမောဒနာ တရားနာယူကြပြီး ဆင်ရှာကြီးရွာနေ ဦးဘိုနီအား ရည်စူး၍ ဒေါ်ညွန့်ကြည်နှင့် ဦးကျော်သန်းခိုင်+ဒေါ်နှင်းနှင်းအေး(မြေး) မမေသဇင်ကျော် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေကျပ် ငါးသိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များနှင့် သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ သံဃာတော်များအား နဝကမ္မအလှူငွေများ တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**(အပေါ်ပုံ)**

(ဝ၃၆)

---

## ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲ၊ နဝမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**တောင်တွင်းကြီး မတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ် ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာ ရွှေအင်းတောင် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ(တပေါင်း)ပွဲတော် ဖွင့်ပွဲနှင့် နဝမအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် နံနက် ၅ နာရီက စေတီတော်မြတ်ကြီး၏ ဇေယျဝဍနဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ခင်သာကျောင်းဆရာတော်က ဘုရားပင့်ဂါထာဖြင့် ပူဇော်ပင့်ဖိတ်ခဲ့ကာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်၊ သာယာအေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစာရိတ္တထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တိုင်းသံဃာ့ဝန်ဆောင်ဆရာတော်၊ ကန်တော်မင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တ ဆရာတော်ကြီးနှင့် တိုင်းသံဃနာယက အကျိုးတော်ဆောင် ဆရာတော် ငှက်ပစ်တောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မလဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဆရာတော်နှစ်ပါးတို့က လမ်းညွှန်မိန့်ကြားခဲ့ကာ စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ ဥက္ကဋ္ဌဦးစံသိန်းက အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ပတ်သက်၍ လျှောက်ထားတင်ပြခဲ့သည်။



ဆက်လက်၍ တောင်တွင်းကြီးမြို့ တောရစွယ်တော်ကျောင်းဆရာတော်က နတ်၊ ဗြဟ္မာများအား ဖိတ်ကြားခဲ့ပြီး ကြွရောက်လာကြသည့် သံဃာတော်များက (၂၄)ပစ္စည်း ပစ္စယနိဒ္ဒေသအကျယ် ရွတ်ဖတ်ပူဇော်ခဲ့ကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။ အဆိုပါ အခမ်းအနားသို့ တောင်တွင်းကြီးမြို့နယ် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်သန်းဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။ (ဓါတ်ပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**

---

## ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး မတ် ၂၁**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က မန္တလေး တက္ကသိုလ်၊ မြန်မာစာဌာန အငြိမ်းစား ပါမောက္ခဌာနမှူး ဒေါက်တာ မောင်မောင်လေး (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်(ဒေါ်ရွှေစင်) မိသားစုက ဆွမ်းအလှူငွေကျပ် ဆယ်သိန်း လှူဒါန်းရာ နာယက ပါမောက္ခ ဒေါက်တာဦးမိတ်၊ ဆရာကြီး ဦးတင်မောင်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

(ကဆ)



# ကမ္ဘာ့ ရေနေ့ လူသားများ ဘယ်ခါမမေ့




၂၀၂၅ ခုနှစ်၊ မတ် ၂၂ ရက် (စနေနေ့)သည် ကမ္ဘာ့ရေနေ့ (World Water Day)ဖြစ်သည်။ ယခုနှစ်ဆောင်ပုဒ်မှာ "ရေအရင်းအမြစ်များ တည်မြဲဖို့ ရေခဲမြစ်များ ထိန်းသိမ်းစို့" (Glacier Preservation)အဆိုပါနေ့ကို ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် ၂၀၁၃ ခုနှစ်က ညီလာခံတွင်လည်း အပြည်ပြည်ဆိုင်ရာရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်ရေးနှစ်ဟု သတ်မှတ်ခဲ့သည်ကို လေ့လာမိပါသည်။

ရေသည် လူသားများ၊ သတ္တဝါများ၊ သစ်ပင်၊ သစ်တောများအတွက် ထာဝရအသက်ရှင်ရန် လိုအပ်သကဲ့သို့ လူသားများ၏ ကောင်းကျိုးများကိုလည်း ၄င်း၏စွမ်းအားဖြင့် ဖြည့်ဆည်း ပေးလျက်ရှိပါသည်။

ကမ္ဘာမြေကို ဝန်းရံထားသည့် ပင်လယ်နှင့်သမုဒ္ဒရာရှိ ရေအရင်းအမြစ်များသည် ရေငန်များဖြစ်၍ လူသားများအတွက် သောက်သုံးမရသည့် ရေဖြစ်ပါသည်။ ကမ္ဘာဂြိုဟ်(ကမ္ဘာကြီး)ကို ၇၀ ရာခိုင်နှုန်းရှိသည့် ရေငန်ထုက ဝန်းရံထားပါသည်။ ၃၀ ရာခိုင်နှုန်းသာ မြေထုဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ နေထိုင်ကြသည့် ကမ္ဘာဂြိုဟ်ကြီးသည် နေစကြဝဠာကို ဝန်းရံထားသည့် ဂြိုဟ်ကြီးရှစ်လုံးတွင် နေနှင့် အကွာအဝေးမှာ တတိယမြောက် နေရာတွင် ရှိပါသည်။ ဂြိုဟ်ကြီးအားလုံးတွင် ကမ္ဘာဂြိုဟ်တစ်လုံးသာ ရေဓာတ်များ ကြွယ်ဝသည်ဟု သိပ္ပံပညာရှင်များ၏ သုတေသနအရ သိရပါသည်။ တခြားဂြိုဟ်များ၌ ရေမတွေ့ရဘဲ အခြားပစ္စည်းများသာရှိသည်ဟု သိရပါသည်။ ဥပမာ - လဂြိုဟ်သို့ ရောက်ရှိခဲ့သည့် သုတေသီများသည် လဂြိုဟ်၌ ရေဓာတ်များတွေ့ရပြီး ကျန်ဂြိုဟ်များ၌ မတွေ့ရဟု သိရပါသည်။ ယနေ့တိုင် အခြားဂြိုဟ်များ၌ ရေဓာတ်မတွေ့ရဘဲ ကျောက်ခဲများ၊ တခြားပစ္စည်းများသာ တွေ့ရသည်ဟု သိရပါသည်။

သို့ဖြစ်ရာ ကမ္ဘာဂြိုဟ်၌ လူဖြစ်ရသည်မှာ အလွန်ကံကောင်း၍ ထူးခြားပြီး ဝမ်းသာဖွယ်ရာဖြစ်ပါသည်။ ပတ္တမြား၊ စိန်၊ ရွှေများသည် ရတနာဟု သတ်မှတ်ထားကြရာ ၄င်းရတနာများကဲ့သို့ လူသားများ၏ အသက်ကို ရှင်စေရန် ထာဝရအမြဲတမ်းထောက်ပံ့သည့်ရေကိုလည်း လောကီ(ရတနာ)ဟု ဆိုနိုင်ပါသည်။ ရည်ရွယ်ချက်-ဤဆောင်းပါးကို ပြုစုရသည်မှာ မကြာမီအချိန်တွင် အေးချမ်းသော ဆောင်းရာသီမှ ပူပြင်းသည့် နွေရာသီသို့ ကူးပြောင်းလျက် ရှိနေပါသည်။

ဤလကုန်၍ တန်ခူး၊ ကဆုန်၊ နယုန်လများသို့ ရောက်လျှင် နှစ်စဉ်လိုပင် မိုးလုံးဝမရွာပါက လူသားများသည် သောက်သုံးရေအတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။ သို့ဖြစ်ရာ စိန်ခေါ်မှုများမှ လွတ်မြောက်ရန် ယခုကတည်းက နေ့စဉ်သုံးစွဲနေကြသည့် ရေချိုများကို လာမည့်လများတွင် အခက်အခဲမရှိစေရန် ရေကို စားသုံးဆီများ အသုံးပြုသကဲ့သို့ စနစ်တကျချွေတာသုံးစွဲရန် လိုအပ်ပါသည်။

ကမ္ဘာ့လူဦးရေသည် နှစ်စဉ်လိုပင် အနုတ်မရှိဘဲ အပေါင်းဂဏန်းဖြင့် တိုးတက်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

သာဓကအားဖြင့် ၁၈ ရာစုနှစ်တွင် လူဦးရေ သန်း ၁၀၀၀ ရှိခဲ့ရာမှ ၂၁ ရာစုနှစ် ကမ္ဘာ့လူဦးရေသည် ၂၀၂၄ ခုနှစ်အထိ ၈ဘီလီယံကျော်အထိ များစွာ တိုးတက်လာပါသည်။လူတစ်ဦးချင်းစီအတွက် နေ့စဉ်အသုံးပြုမှုသည် သုံးလီတာကျော်ရှိသည်ဟု သိရပါသည်။ လွန်ခဲ့သည့် ၁၀ စုနှစ်ကာလတွင် ကမ္ဘာ့လူဦးရေပမာဏ၏ ၄ ဘီလီယံသည် သောက်သုံးရေသုံးစွဲမှုနှင့် ကင်းကွာခဲ့သည်ဟု သိရပါသည်။ ရေအရင်းအမြစ်များမှာ ပင်လယ်နှင့်သမုဒ္ဒရာများရှိ ကမ္ဘာ့ရေ၏ ၉၆ ရာခိုင်နှုန်းသည် ဆားငန်ရေများဖြစ်၍ ၄ ရာခိုင်နှုန်းခန့်သာ ရေချိုများဖြစ်သည်ဟု သိရပါသည်။

ရေချိုအရင်းအမြစ်များရှိသည့် ရေချိုဘဏ်တိုက်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။ ကမ္ဘာမြေပေါ်ရှိ (Surface Water) ဥပမာ-မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေလှောင်တမံ၊ ဆည်ကြီးများ၊ မိုးရေများ(Rain Water)၊ မြေအောက်ရှိ(Under Ground Water) များ မြန်မာနိုင်ငံမြောက်ပိုင်းဒေသနှင့် ဝင်ရိုးစွန်းဒေသများ၌ရှိသော ရေခဲတောင်တန်းများ၊ ရေခဲမြစ်များ၊ ရေခဲပြင်များဖြစ်ကြပါသည်။

လူဦးရေပမာဏသည် နှစ်စဉ်တိုးတက်လာသော်လည်း လူသားတို့ အမြဲအသုံးပြုလျက်ရှိသော ရေချိုပမာဏသည် တဖြည်းဖြည်း ရာသီဥတုဖောက်ပြန်မှုကြောင့် လျော့နည်းလျက်ရှိသည်။ ကမ္ဘာ့အမြင့်ပေ ၂၀၉၂၀ ရှိသည့် ဧဝရတ်တောင်ထိပ်ရှိ ရေခဲမြစ်များ၊ ရေခဲတောင်တန်းများ၊ ရေခဲပြင်များရှိ ရေခဲတုံးများ၊ ဝန်ရိုးစွန်းရှိ ရေခဲတောင်များ၊ ရေခဲပြင်များ၊ ကမ္ဘာ့မြောက်ဖျား အာတိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာကြားရှိ ဂရင်းလန်းကျွန်း၏ ရေခဲများသည် ပူပြင်းသော ရာသီဥတုဒဏ်ကို အန်မတုနိုင်ဘဲ အစိုင်အခဲဘဝမှ အရည်ဘဝ(ရေချိုဘဝ)ဖြစ်ပြီး နီးစပ်ရာ မြစ်၊ ချောင်းအသီးသီးတို့မှ ပင်လယ်၊ သမုဒ္ဒရာကြီးများထဲသို့ စီးဝင်သွားကြရာ ရေချိုများသည် လီတာဘီလီယံမှ ထရီလီယံအထိ ဆုံးရှုံးသွားပါသည်။

ကမ္ဘာ့လူဦးရေသည် သက္ကရာဇ် ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေပမာဏသည် ၂ ဒသမ ၃ ဘီလီယံ တိုးလာနိုင်သည်ဟု သိပ္ပံပညာရှင်များ၏ ခန့်မှန်းချက်အရ သိရပါသည်။ သို့ဖြစ်ရာ သောက်သုံးရေချိုသည် တိုးမလာဘဲ လူဦးရေသာ တိုးလာသည်။ လူသားများသည် အခက်အခဲများနှင့် တွေ့နိုင်သည်ဖြစ်၍ ရေအခက်အခဲတွေ့နိုင်သည့် နိုင်ငံများအနေနှင့် ယခုအချိန်မှစ၍ ကြိုတင်စီစဉ်ထားရန် လိုအပ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် စတင်ဖွဲ့စည်းစဉ်မှ ယခုအချိန်တိုင် အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံမှ ကိုယ်စားလှယ်များဖြင့် အထွေထွေညီလာခံများကို သတ်မှတ်ထားသည့်ကာလတွင် ကျင်းပခဲ့ပြီး ထူးခြားသော အကြောင်းအရာများရှိလျှင် ကိုယ်စားလှယ်များဆန္ဒဖြင့် အထိမ်းအမှတ်များကို သတ်မှတ်ခဲ့ပါသည်။ အထိမ်းအမှတ်အမျိုးမျိုးကို သတ်မှတ်ခဲ့ရာတွင် လူသားများ၊ သတ္တဝါများတွင် မရှိမဖြစ်လိုအပ်သောရေနှင့် ဆက်စပ်သည့် အထိမ်းအမှတ်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

လနှင့်ရက် အထိမ်းအမှတ်များမှာ-

* ဖေဖော်ဝါရီလ ၂ ရက်ကို ကမ္ဘာ့ရေတိမ်ဒေသနေ့
* မတ်လ ၁၄ ရက်ကို နိုင်ငံတကာ မြစ်၊ ချောင်းများနေ့
* မတ်လ ၂၂ ရက်ကို ကမ္ဘာ့ရေနေ့(World Water Day)
* မတ်လ ၂၃ ရက်ကို ကမ္ဘာ့မိုးလေဝသနေ့
* ဇွန်လ ၂၂ ရက်ကို ကမ္ဘာ့သယံဇာတနေ့ စသည်တို့

ဖြစ်ကြပါသည်။

ထို့အပြင် ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် အထွေထွေညီလာခံမှာ ပန်းတိုင်(၁၇)ခု သတ်မှတ်ရာတွင် ရေနှင့်ဆက်စပ်၍ ပန်းတိုင်အမှတ်(၂)တွင် ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝမှု တိုးတက်ရေး၊ ပန်းတိုင်အမှတ်(၆)တွင် လူသားတိုင်း သန့်ရှင်းသောသောက်သုံးရေ၊ မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ် စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး (Goal - 6) နှင့် ပန်းတိုင်အမှတ်(၁၄)တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန် ပင်လယ်၊ သမုဒ္ဒရာရေနှင့် သယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး (Goal - 14)နှင့်ပန်းတိုင်အမှတ်(၁၅)တွင် ကမ္ဘာလုံးဆိုင်ရာဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့အောင် အသုံးပြုရမည့် သစ်တောများတည်တံ့ရန်စီမံခန့်ခွဲရေး၊ သဲကန္တာရများဖြစ်ပေါ်စေမှုအား ပပျောက်ရေး၊ ယိုယွင်းပျက်စီးမှုရပ်တန့်ရေး၊ ဇီဝမျိုးစုံမျိုးကွဲပြုန်းတီးမှု ရပ်တန့်စေရေးဟု ရေအရင်းအမြစ်များနှင့် ဆက်စပ်သည့် ပန်းတိုင်များပါဝင်ပြီး ရည်မှန်းချက်အားလုံးကိုလည်း ၂၀၃၀ ပြည့်နှစ်တွင် အပြီးဆောင်ရွက်ရမည်ဟု သတ်မှတ်ပါသည်။

မြန်မာနိုင်ငံ၏ ရေချိုအရင်းအမြစ်ပမာဏသည် လွန်ခဲ့သည့် ခြောက်နှစ်ကာလတွင် ကုဗကီလိုမီတာ ၁၀၄၆ ရှိသည်ဟု သိရပါသည်။ ပထဝီအနေအထားအရလည်း မြန်မာနိုင်ငံ၌ သဘာဝအရ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၊ မြေအောက်ရှိရေများသည် ကြွယ်ဝပါသည်။ အာဆီယံနိုင်ငံအသီးသီး၏ ရေပမာဏထက် ၁၆ ရာခိုင်နှုန်းနှင့် အာရှတိုက် ရေပမာဏထက် ၁၂ ရာခိုင်နှုန်းခန့် ပိုင်ဆိုင်ထားသည်ဟု လေ့လာမိပါသည်။

နိုင်ငံတော်အစိုးရအဆက်ဆက်တွင်လည်း ပြည်သူများအတွက် အခက်အခဲများ မဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကိုလည်း ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ရေအတွက် အခက်အခဲမှ ကျော်လွှားနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟု သိရပါသည်။ ဘရာဇီးနိုင်ငံ၌ World Water Forum ကို ဖွဲ့စည်းပြီး သတ်မှတ်သည့်ကာလတွင် အဖွဲ့ဝင်နိုင်ငံမှ ကိုယ်စားလှယ်များဖြင့် တွေ့ဆုံကာ ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ ရေအရင်းအမြစ်များတွင် Fresh Water ရေချိုသည် လူသားများ၊ သတ္တဝါများ၊ သစ်ပင်၊သစ်တောများ၏အသက်ရှင်သန်ရန် အဓိကဖြစ်သည့်အတွက် လုံးဝမပြတ်လပ်ရန် အရေးကြီးပါသည်။ ကမ္ဘာ့လူဦးရေသည် ယခုအချိန်တွင် ၈ ဘီလီယံကျော်ရှိ၍ အသုံးပြုလျက်ရှိသော ရေချိုအရင်းအမြစ်ပမာဏမှာလည်း သင့်တင့်သည့်ပမာဏရှိနေ၍ လူဦးရေအချို့သာ ရေနှင့်ကင်းကွာလျက်ရှိသည်ဟု သိရပါသည်။ သို့ရာတွင် နောင်အနာဂတ်တွင် တိုးလာမည့် လူဦးရေအတွက် ရေအခက်အခဲများမှ ကျော်လွှားနိုင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံမှ ပြဋ္ဌာန်းသည့် ပန်းတိုင်(၁၇)ခုတွင် ပါဝင်သည့် ရေအရင်းအမြစ်များနှင့်ဆက်စပ်သည့်လုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံများက ပြည်သူများနှင့်ပူးပေါင်း၍ သတ်မှတ်ကာလတွင် အောင်မြင်စွာ အကောင်အထည်ဖော်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ဤ "ကမ္ဘာ့ရေနေ့ လူသားများ ဘယ်ခါမမေ့" ဆောင်းပါးဖြင့် ရည်ညွှန်းအပ်ပါသည်။

မောင်လူလှ(ဇေယျာဦး)

# ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

## မြန်မာနိုင်ငံအနေဖြင့် ဗဟုဝင်ရိုးကမ္ဘာ့အထိုင်တွင် ရွေးချယ်စရာများ ပိုမိုများပြားလာသည့်အတွက် အကောင်းဘက်ကို ဦးတည်လာမည်

နေပြည်တော် မတ် ၂၁

"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ(Forum on Myanmar Beyond 2025: Challenges and Opportunities in the Multipolar World)ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-I)တွင် ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကမ္ဘာကြီးသည် နိုင်ငံရေးစနစ်အမျိုးမျိုး၊ အိုက်ဒီအိုလော်ဂျီအမျိုးမျိုးကို ဖြတ်သန်းခဲ့ကြရာတွင် အားနည်းသူများသည် အားကြီးသူများ ခင်းထားသည့် လမ်းအတိုင်း လျှောက်လှမ်းခဲ့ကြရသည် ဖြစ်ပါကြောင်း၊ ဖြတ်သန်းခဲ့ကြသည့် ကမ္ဘာ့အထိုင်(World Order)များကို ပြန်ကြည့်မည်ဆိုပါက ဒွိဝင်ရိုး ကမ္ဘာ့အထိုင်နှင့် ဧကဝင်ရိုး ကမ္ဘာ့အထိုင်စနစ်များပဲဖြစ်နေပါကြောင်း၊ ယခုအခါ ကမ္ဘာကြီးသည် အချိုးအကွေ့တစ်ခုကို ရောက်လာပြီး ဗဟုဝင်ရိုး ကမ္ဘာ့အထိုင်နှင့် လည်ပတ်သည့်အချိန် ရောက်လာခဲ့ပြီဆိုသည့် အကောက်အယူများ ကျယ်ကျယ် လောင်လောင် ထွက်လာခဲ့ပြီ ဖြစ်ပါကြောင်း။

ဗဟုဝင်ရိုး ကမ္ဘာ့အထိုင် ပေါ်ပေါက်လာခြင်း၏ ထင်သာမြင်သာရှိသည့် အမှတ်သရုပ်ကို ပြပါဆိုလျှင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိက နိုင်ငံတို့ ဦးဆောင်ဖွဲ့စည်းခဲ့သည့် BRICS(ဘရစ်) အဖွဲ့ကြီးကိုပင် လက်ညှိုးထိုးပြရမည် ဖြစ်ပါကြောင်း၊ BRICS(ဘရစ်) အဖွဲ့ကြီး၏ မျှော်မှန်းချက်ကို ကြည့်မည်ဆိုပါကလည်း ဗဟုဝင်ရိုး ကမ္ဘာ့အထိုင်ဆီ ဦးတည်ကြိုးပမ်းနေသည်ကို တွေ့နေရပါကြောင်း၊ အဖွဲ့ကြီး၏ မျှော်မှန်းချက်များသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းများကို လေးစားလိုက်နာရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်နှင့် အချုပ်အခြာအာဏာဆိုသည့် စည်းမျဉ်းများကို အခြေခံထားသည်ကို တွေ့ရပါကြောင်း၊ ထို့ပြင် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုတွင် မတူကွဲပြားသည့် သဘောထားမျိုးစုံ စုစည်းနိုင်ရန်နှင့် အစဉ်အလာကဲ့သို့ ဖြစ်နေသည့် လက်ဝါးကြီးအုပ်စိုးမှုများကို တွန်းလှန်နိုင်ရေး နည်းလမ်းရှာကြံရန်၊ အကြမ်းဖက်ဝါဒ၊ ဆိုက်ဘာရာဇဝတ်မှုနှင့် ရာသီဥတုနှင့် ဆက်နွှယ်သည့် အကျပ်အတည်းစသော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်ဖြစ်သည်ဆိုသည်ကို ဖော်ပြထားပါကြောင်း။

မတည်မြဲခြင်းဆိုသည့် လောကနိယာမအတိုင်း ဧကဝင်ရိုး ကမ္ဘာ့အထိုင်သည်နိဂုံးချုပ်ချိန်ရောက်လာပြီဖြစ်သည့်အတွက် နိဂုံးချုပ်သွားခဲ့ရခြင်း ဖြစ်ပါကြောင်း၊ အဟောင်းနေရာတွင် အသစ်များ အစားထိုးမြဲအတိုင်း ဧကဝင်ရိုး ကမ္ဘာ့အထိုင်နေရာတွင် ဗဟုဝင်ရိုး ကမ္ဘာ့အထိုင်သည် အစားထိုးဝင်ရောက်လာခဲ့ပြီ ဖြစ်ပါကြောင်း၊ အပြောင်းအလဲနှင့်အတူ လိုက်ပါမပြောင်းလဲနိုင်ပါက မှေးမှိန်ကွယ်ပျောက်သွားရသည်ဆိုသည့် ကမ္ဘာ့နိယာမအတိုင်း မိမိတို့ဖွံ့ဖြိုးဆဲ နိုင်ငံလေးများသည် ကမ္ဘာ့ရေစီးကြောင်းနှင့် အတူ လိုက်ပါပြောင်းလဲရန် မဖြစ်မနေ ကြိုးစားရန်းကန်ကြရမည်ဖြစ်ပါကြောင်း၊ ယခုလည်း ဧကဝင်ရိုး ကမ္ဘာ့အထိုင်နေရာတွင် အစားထိုးဝင်ရောက်လာသည့် ဗဟုဝင်ရိုး ကမ္ဘာ့အထိုင်နှင့်အတူ လိုက်ပါပြောင်းလဲရန် ကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ မည်သို့ပင်ဖြစ်ဖြစ် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံငယ်လေးများအနေဖြင့် ဧကဝင်ရိုးကမ္ဘာ့အထိုင်တွင် ရွေးချယ်စရာမရှိသည့် အခြေအနေမှ လွတ်မြောက်ပြီး ဗဟုဝင်ရိုး ကမ္ဘာ့အထိုင်တွင် ရွေးချယ်စရာများ ပိုမိုများပြားလာသည့်အတွက် အကောင်းဘက်ကို ဦးတည်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် University of Fudan၊ China Academy မှ Professor Mr.Zhang Wei က ဗဟုဝင်ရိုးကမ္ဘာတွင် စီးပွားရေးပိတ်ဆို့မှုများ၊ ဒုံးကျည်လက်နက်ပိုင်ဆိုင်မှုများနှင့် ခွဲခြားဆက်ဆံမှုများကိုစံနှုန်းအဖြစ် သတ်မှတ်ထားခြင်း မရှိသည့်အတွက် တစ်ဖက်စွန်းမူဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်နေပါကြောင်း၊ တရုတ်၊ ရုရှားနိုင်ငံတို့နှင့် the BRICS၊ the ASEAN အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဗဟုဝင်ရိုးကမ္ဘာသည်လည်း စတင်ထွက်ပေါ်လာပြီဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ်မှစပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ပြီး လက်ရှိတွင် စတုတ္ထစက်မှုတော်လှန်ရေးအတွက် Deepseek ကဲ့သို့ ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ ဦးဆောင်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် အနောက်နိုင်ငံများလက်ကိုင်ထားသည့် "ခွဲခြားအုပ်ချုပ်ရေး" ထက် "စည်းလုံးပြီး အကျိုးကျေးဇူးမျှဝေခံစား" ဟူသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားရှိကြောင်း၊ တရုတ်နိုင်ငံသည် ၁၂ နှစ်အကြာက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ရပ်ဝန်းနှင့်ပိုးလမ်းမကို အကောင်အထည်ဖော်ရာတွင် အဆိုပါဆောင်ပုဒ်ကို လက်ကိုင် ကျင့်သုံးလျက်ရှိပြီး လက်ရှိတွင် နိုင်ငံပေါင်း ၁၅၀ ကျော်သည် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ စီမံကိန်းပေါင်း ထောင်ပေါင်းများစွာကို ဖော်ဆောင်လျက်ရှိကြောင်း။

ထို့ကြောင့် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းသည် လူသားသမိုင်းတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအတွက် ကောင်းမွန်သော စကြံတစ်ခု ဖြစ်လာပါကြောင်း၊ အမေရိကန်နိုင်ငံသည် "အမေရိကန်သည်သာ ပထမ"ဟူသည့်ဆောင်ပုဒ်ကို လက်ကိုင်ကျင့်သုံးမည်ဆိုပါက ကမ္ဘာ့နိုင်ငံများအတွက်သာမက အမေရိကန်နိုင်ငံအတွက်ပင်လျှင် ကောင်းမွန်သော ရလဒ်ကောင်းများ ပိုင်ဆိုင်နိုင်မည် မဟုတ်ပါကြောင်း၊ သမ္မတ ဒေါ်နယ်ထရမ့်သည် လက်ရှိတွင် အဆိုပါမူဝါဒကို လက်ကိုင်ကျင့်သုံးရန် ကြိုးပမ်းလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် နီပေါဝန်ကြီးချုပ်ဟောင်း Mr.Madhav Kumar Nepal က အလယ်အလတ်အင်အားကြီးနိုင်ငံများနှင့် အနောက်မဟာမိတ်မဟုတ်သည့် မိတ်ဖက်နိုင်ငံများ ထွက်ပေါ်လာခြင်းက ပညာရှင်အချို့ ခေါ်ဆိုနေကြသည့် မမျှတသော ဗဟုဝင်ရိုးဖြစ်ပေါ်ခြင်း ဖြစ်ပါကြောင်း၊ ပညာရှင်တချို့က BRICS ကဲ့သို့ စီးပွားရေးအင်အားကြီးအုပ်စု နိုင်ငံများက ဒေသတွင်းနိုင်ငံများတွင် အာဏာလွှမ်းမိုးမှုများ တိုးတက်လာခြင်းကို ဦးစားပေးဖော်ပြခဲ့ပါကြောင်း၊ ထို့ပြင် ကမ္ဘာ့အဆင့်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အခိုင်အမာရရှိရန် ကြိုးပမ်းနေသည့် နိုင်ငံငယ်များကို ဗျူဟာမြောက် တွန်းလှန်နေသည့်အတွက် ဗဟုဝင်ရိုး ကမ္ဘာကြီး ပေါ်ပေါက်ရန် လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်ပါကြောင်း။

တရုတ်နှင့် အမေရိကန်တို့ နည်းပညာနှင့် ကုန်သွယ်မှုများတွင် ပြိုင်ဘက်နိုင်ငံများဖြစ်လာသည့်အတွက် ဥရောပသမဂ္ဂ၊ အိန္ဒိယနှင့်စီးပွားရေးတိုးတက်လာသည့် နိုင်ငံများသည် ၎င်းတို့၏ လွှမ်းမိုးမှုကို ကြုံတွေ့လာရသည့်အတွက် သံတမန်ရေးရာတွင်လည်းကောင်း၊ ကုန်သွယ်ရေးတွင်လည်းကောင်း၊ နည်းပညာပိုင်းတွင်လည်းကောင်း ဗဟုဝင်ရိုးကမ္ဘာကြီးအဖြစ် ဖြစ်ပေါ်စေရန် အကြောင်းတရားများ ဖန်တီးဖြစ်ပေါ်စေပါကြောင်း၊ အဆိုပါ အရွေ့ကို အာရှတွင် ပိုမိုတွေ့မြင်နိုင်ပါကြောင်း၊ အာရှတိုက်သည် တစ်ဆင့်ခံလက်ဝေခံမဟုတ်တော့ဘဲကမ္ဘာလုံးဆိုင်ရာ အာဏာပါဝါတွင် အဓိကနေရာမှ ပါဝင်လာပြီဖြစ်ပါကြောင်း၊ နီပေါနှင့် မြန်မာသည် အင်အားကြီးအိမ်နီးချင်းနိုင်ငံများကြားတွင် တည်ရှိနေပါကြောင်း။

ဂေါတမ မြတ်စွာဘုရား၏ မွေးရပ်ဖြစ်သော နီပေါသည် ကမ္ဘာလုံးဆိုင်ရာ သံခင်းတမန်ခင်းတွင် soft power ကို ပေးစွမ်းလျက်ရှိပါကြောင်း၊ အိန္ဒိယနှင့် တရုတ်နိုင်ငံကြားတွင် တည်ရှိနေသော မြန်မာနှင့် နီပေါနိုင်ငံတို့အနက် နီပေါနိုင်ငံသည် ပထဝီဝင်နိုင်ငံရေး ကြားခံနိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် မဟာဗျူဟာမြောက် အင်အားအသင့်အတင့်ရှိသည့် နိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီဝင်နိုင်ငံရေး အရေးကြီးမှုအပေါ် လျှော့တွက်၍ မရပါကြောင်း၊ အရှေ့တောင်အာရှ၏ တိုးတက်ပြောင်းလဲနေသော လုံခြုံရေးနှင့် စီးပွားရေး အခင်းအကျင်းတွင် မြန်မာ၏ ရပ်တည်ချက်သည် သိသာထင်ရှားသော လွှမ်းမိုးမှုကို ပေးဆောင်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ Vivekananda International Foundation(VIF)မှ အကြီးတန်းသုတေသီ Mr.Vinod Kumar Anand က အိန္ဒိယနိုင်ငံရှုထောင့်မှ ကြည့်လျှင် မြန်မာနိုင်ငံသည် အရင်းအမြစ်ကြွယ်ဝပြီး မဟာဗျူဟာအရ အရေးပါသောနိုင်ငံဖြစ်ပါကြောင်း၊ အိန္ဒိယ၏ Act East Policy ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ပထဝီမြေအနေအထားအရ အရေးပါသည့် အိမ်နီးချင်းနိုင်ငံလည်း ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် စာမျက်နှာ ၆ သို့ »»



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။




"ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့် အာရှ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပစဉ်။

❖ အိန္ဒိယနှင့် တရုတ်နိုင်ငံကြားတွင် တည်ရှိနေသော မြန်မာနှင့် နီပေါနိုင်ငံတို့အနက် နီပေါနိုင်ငံသည် ပထဝီဝင်နိုင်ငံရေး ကြားခံနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် မဟာဗျူဟာမြောက် အင်အားအသင့်အတင့်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီဝင်နိုင်ငံရေး အရေးကြီးမှုအပေါ် လျှော့တွက်၍ မရပါကြောင်း၊ အရှေ့တောင်အာရှ၏ တိုးတက်ပြောင်းလဲနေသော လုံခြုံရေးနှင့် စီးပွားရေး အခင်းအကျင်းတွင် မြန်မာ၏ ရပ်တည်ချက်သည် သိသာထင်ရှားသော လွှမ်းမိုးမှုကို ပေးဆောင်လျက်ရှိ

နီပေါဝန်ကြီးချုပ်ဟောင်း Mr.Madhav Kumar Nepal